# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၅ ရက်၊ စနေနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၅၇]


**ဝီရိယနှင့် ဆန္ဒအကျိုး**

ဝီရိယဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဝီရိယရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမမြောက်နိုင်သည့် အလုပ်တိစ္စဟူသည် မရှိ။

ဆန္ဒဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ။

ဆန္ဒရှိသော ပုဂ္ဂိုလ်များအတွက် မပြီးမြောက်နိုင်သည့် အလုပ်ကိစ္စဟူသည် မရှိ။ (မူလဋီ၊ ၃၊ ၁၆၉။)

# တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ရန်အတွက် ဗလငါးတန်နှင့် ပြည့်စုံရန်လို အများအကျိုးသယ်ပိုးရန်၊ အချင်းချင်း ရိုင်းပင်းကူညီရန် စိတ်ထားများကိုပါ လေ့ကျင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ်(ပုပ္ပားစခန်း)၌ ကင်းထောက်လူငယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်(ပုပ္ပားစခန်း)၌ စခန်းချနေကြသည် မြန်မာနိုင်ငံကင်းထောက်လူငယ်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးရဲထွဋ်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ထွက်ခွာခဲ့ပြီး ညောင်ဦးမြို့သို့ ရောက်ရှိကြီရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် တာဝန်ရှိသူများက ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖




# နျူကလီးယားလက်နက်များ အသုံးပြုရန်အသင့်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ပြောကြား

**ဆိုးလ် မတ် ၄**

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် မည်သည့်အချိန်မဆိုယင်း၏နျူကလီးယားလက်နက်များကို အသုံးပြုရန် အသင့်ထားရှိရန်၊ ရန်သူများ၏ ခြိမ်းခြောက်မှုရင်ဆိုင်လာရချိန် တိုက်ခိုက်မှုပြုလုပ်ရန်ဖြစ်ကြောင်း မြောက်ကိုရီးယားနိုင်ငံက အမိန့်ပေးထားကြောင်း နိုင်ငံပိုင်မီဒီယာက သောကြာနေ့တွင် ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီက မြောက်ကိုရီးယားနျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ထပ်မံပိတ်ဆို့အရေးယူမှုပြုလုပ်ခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်အခြေအနေ တင်းမာမှု ထပ်မံထိုးလာကြောင်း မြောက်ကိုရီးယား ကေစီအင်န်အေ သတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့ပြီးနောက် အထက်ပါမှတ်ချက် ထွက်ပေါ်လာခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယားနှင့် အမေရိကန်အပါအဝင် ၎င်း၏ ရန်သူများအား တိုက်ခိုက်သွားရန် ခြိမ်းခြောက်ထားသည်။ စစ်ဘက်ကျွမ်းကျင်သူများက မြောက်ကိုရီးယားအနေဖြင့် နျူကလီးယားထိပ်ဖူးထပ် ထားဝေးပစ်ဒုံးကျည်ကို အမေရိကန်နိုင်ငံအထိ ပစ်ခတ်နိုင်သောနည်းပညာဖွံ့ဖြိုးမှု မရှိသေးကြောင်း ပြောသည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက အသစ်ထုတ်လုပ်ထားသော ဒုံးပစ်လောင်ချာများအပါအဝင် စစ်ရေးပြင်ဆင်ထားရန်လည်း မှတ်ချက်ပြုပြောကြားခဲ့ကြောင်း အဆိုပါ သတင်းဌာနက ဖော်ပြသည်။

ယင်းစစ်ရေးလေ့ကျင့် ပြင်ဆင်မှုကို အထည်ပြုသော်လည်း လက်နက်သစ်များသည် တောင်ကိုရီးယားနိုင်ငံအတွင်း ရောက်နိုင်သည်ဟု ပြောသည်။ **(ရိုက်တာ)**

# အရှေ့ယူကရိန်း ရွေးကောက်ပွဲကျင်းပရန် ရုရှားနှင့်ယူကရိန်းသဘောတူ

**ပါရီ မတ် ၄**

ယူကရိန်း၊ ရုရှား၊ ပြင်သစ်၊ ဂျာမနီတို့မှ နိုင်ငံခြားရေးဝန်ကြီးတို့သည် ဇွန်လကုန်ပိုင်းတွင် အရှေ့ယူကရိန်းအတွက် ရွေးကောက်ပွဲကျင်းပရန် သဘောတူခဲ့ကြောင်း ပြင်သစ်ထိပ်ပိုင်းသံအမတ် ဂျင်မက်အာရှတ်က ပြောခဲ့သည်။

၂၀၁၆ ပထမနှစ်ဝက်အကုန်တွင် ကျင်းပမည့်ဒေသတွင်းရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲဥပဒေနှင့်အညီ လက်ခံကျင့်သုံးရန် အရေးကြီးကြောင်းကို ပါရီ၌ကျင်းပသော အစည်းအဝေးအပြီးတွင် အာရှထ်က ပြောခဲ့သည်။

အလားတူ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပါဗလိုကလင်မ်ကင်က အနာဂတ်ရွေးကောက်ပွဲများတွင် လုံခြုံရေးအထောက်အပံ့များ လိုအပ်ကြောင်းအလေးပေး ပြောခဲ့သည်။ အာရှတ်၏ပြောကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးများသည် ယခုမှစ၍ ဧပြီ ၃၀ အတွင်း အကျဉ်းသားအားလုံး လဲလှယ်ရန်နှင့်ဖြေလွှတ်ပေးရန် ထောင်းဆိုခဲ့ကြသည်။

ပါရီအစည်းအဝေးသည် ၂၀၁၅ ခုနှစ်ဖေဖော်ဝါရီလက လက်မှတ်ရေးထိုးခဲ့သော မင့်ခ်ငြိမ်းချမ်းရေး သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့သည်။ အရှေ့ယူကရိန်း ရွေးကောက်ပွဲကို ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ အဆင့်အတန်းနှင့်အညီ ကျင်းပရန်နှင့် ယင်းအဖွဲ့အစည်းက စောင့်ကြည့်စစ်ဆေးသွားမည်ဖြစ်ကြောင်း သဘောတူညီခဲ့သည်။ **(ဆင်ဟွာ)**



# အိုကီနာဝါကျွန်းပေါ်တွင် အမေရိကန်လေတပ်စခန်း တည်ဆောက်မှု ရပ်ဆိုင်းထားမည်ဟု ဂျပန်အစိုးရပြော

**တိုကျို မတ် ၄**

ဂျပန်အစိုးရအနေဖြင့် တောင်တက်ပိုင်းကျွန်းများအရေးတင်းမာမှုကို သက်သာစေရန် တရားရုံးမှ ကြားဝင်စေ့စပ်ပေးသောအစီအစဉ်ကို လက်ခံလိုက်ပြီး အိုကီနာဝါကျွန်းပေါ်တွင် အပြင်းပွား အမေရိကန်လေထပ်အခြေစိုက်စခန်း ပြန်လည်နေရာချထားရေးအတွက် ဆောက်လုပ်ရေးလုပ်ငန်းကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက သောကြာနေ့တွင် ပြောသည်။

ဂျပန်ဗဟိုအစိုးရနှင့် အိုကီနာဝါဒေသ အာဏာပိုင်များသည် အမေရိကန်မရိန်း ဖူထင်မာလေထပ်အခြေစိုက်စခန်း ပြန်လည်နေရာချထားမှုအပေါ် ထစောင်းစေးနှင့် မျက်ချေးဆိုသကဲ့သို့ အဆင်မပြေဖြစ်နေကြသည်မှာ ကြာလှပြီဟု ဆိုသည်။ ဂျပန်အစိုးရက အဆိုပါကျွန်း၏ လူနေထူထပ်မှုနည်းသော နေရာသို့ အမေရိကန်လေတပ်စခန်းကို ပြောင်းရွှေ့ရန် ကြိုးစားခဲ့သော်လည်း အိုကီနာဝါအုပ်ချုပ်ရေးမှူး ထာကီရီအိုနာဂါးက ကျွန်းမှ လုံးဝဖယ်ရှားပေးရမည်ဟု ဆိုသည်။ အစိုးရအနေဖြင့် အဆိုပါ လေထပ်အခြေစိုက်စခန်းဆောက်လုပ်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ပြီး အိုကီနာဝါ အာဏာပိုင်များနှင့် သဘောတူညီမှုရရှိအောင် ဆွေးနွေးမှုများပြုလုပ်သွားမည်ဟု ဆိုသည်။ **(ရိုက်တာ)**

# မွမ်ဘိုင်းထေဆိပ်၌ အိန္ဒိယခရီးသည်တင်လေယာဉ်ထစ်စင်း ဂီယာချွတ်ယွင်းမှုဖြစ်

**နယူးဒေလီ မတ် ၄**

အိန္ဒိယခရီးသည်တင် လေယာဉ်ထစ်စင်းသည် ကြာသပတေးနေ့က မွမ်ဘိုင်းလေဆိပ်သို့ဆင်းသက်ပြီးနောက် ချက်ချင်းဆိုသလိုပင် အဆင်းဂီယာမှာ ချွတ်ယွင်းသွားကြောင်း သိရသည်။

သို့သော်လည်း မွမ်ဘိုင်းအခြေစိုက် ဂျက်လေယာဉ်လေကြောင်းလိုင်း၏ လေယာဉ်မှုဝန်ထမ်းများနှင့် ခရီးသည် ၁၂၅ ဦးကျော်သည် ထိခိုက်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း ဒေသတွင်းသတင်းအရင်းအမြစ်များက ပြောသည်။

အဆိုပါမတော်တဆမှုမှာ ဒေလီမှမွမ်ဘိုင်းသို့ ထွက်ခွာပျံသန်းပြီးနောက် ဟိုက်ဒရောလစ်စနစ် ချွတ်ယွင်းသွားစဉ် တာယာတစ်ခုပေါက်ကွဲပျက်စီးသွားခြင်းဖြစ်ကြောင်း သိရသည်။

လေကြောင်းလိုင်းမှ အင်ဂျင်နီယာအဖွဲ့သည် လေဆိပ်ရှိသီးသန့်နေရာ၌ လေယာဉ်မတော်တဆဖြစ်ပွားရခြင်း အကြောင်းရင်းကို စစ်ဆေးနေကြောင်း ထပ်လောင်းဖော်ပြထားသည်။

**(ဆင်ဟွာ)**

# တရုတ်က ၂၀၁၆ ခုနှစ်အတွက် ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲ

**ပေကျင်း မတ် ၄**

၂၀၁၀ပြည့်နှစ်ကထည်းက အရှိန်နှေးကွေးနေရာမှ ယခုနှစ် တရုတ်နိုင်ငံ၏ကာကွယ်ရေးအသုံးစရိတ်မြင့်မားလာမှုကြောင့် စီးပွားရေးဘက်တွင် အနည်းငယ် အရှိန်လျော့သွားဖွယ်ရာရှိနိုင်ကြောင်း၊ ကိန်းဂဏန်းအချက်အလက် အထိအကျကိုမူ ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း သိရသည်။

ထရုတ်နိုင်ငံ၏ ဥပဒေပြုအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဖုရင်က အသုံးစရိတ်မှာ ၂၀၁၅ ခုနှစ်မှစ၍ ၇ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ တိုးလာနိုင်ကြောင်း၊ ဆယ်စုနှစ် နှစ်ခုနီးပါးကြာပြီးနောက် အသုံးစရိတ်ကိန်းဂဏန်း နှစ်ဆမျှမြင့်ထက်လာကြောင်း ပြောသည်။ ကိန်းဂဏန်းဇယား အထိအကျကို စနေနေ့တွင် ထုတ်ပြန်သွားမည် ဖြစ်ကြောင်း



**ပေကျင်း၌ မတ် ၄ ရက်က အမျိုးသားပြည်သူ့ကွန်ဂရက် ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် ရောက်ရှိနေပြီဖြစ်သော တပ်မတော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။**

သတင်းစာရှင်းလင်းပွဲ ထစ်ခု၌ ဖူက ဖြောသည်။ စစ်ရေးအသုံးစရိတ်ကို ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ထိုးမြှင့်သုံးစွဲခြင်းမှာ ၂၀၁၀ ပြည့်နှစ်ကတည်းက အသုံးစရိတ်နှင့်နှိုင်းယှဉ်လျှင် အနည်းငယ် တိုးမြင့်လာခြင်းဖြစ်သည်။

ယခင်နှစ်က ကာကွယ်ရေး အသုံးစရိတ်မှာ ယွမ်ထန်ဖိုး ၈၈၆ ဒသမ ၉ ဘီလီယံခန့်ဖြစ်ပြီး ယင်းမှာ အမေရိကန် စစ်ရေးအသုံးစရိတ်၏ လေးပုံထစ်ပုံခန့်မျှဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွက် အမေရိကန်နိုင်ငံ၏ ကာကွယ်ရေးဌာန အသုံးစရိတ်မှာ ဒေါ်လာ ၅၇၃ ဘီလီယံဖြစ်သည်။ **(ရိုက်တာ)**

# ဩစတြေးလျသမိုင်းတွင် အကြီးဆုံးပရဟိတအဖွဲ့အစည်း တည်ထောင်ရန် မဲလ်ဘုန်းတက္ကသိုလ်စီစဉ်

**မဲလ်ဘုန်း မတ် ၄**

ဩစတြေးလျရှိ အထင်ကရထက္ကသိုလ်များထဲမှ ထစ်ခုဖြစ်သည် မဲလ်ဘုန်းထက္ကသိုလ်သည် ဩစတြေးလျသမိုင်းကို မြှင့်ထင်ရန် ရည်ရွယ်၍ အကြီးဆုံးပရဟိတအဖွဲ့အစည်း ဖန်တီးရန် ဩစတြေးလျဒေါ်လာ ၁သန်းကျော် ရန်ပုံငွေ ရရှိပြီး ဖြစ်သည်။ မဲလ်ဘုန်းထက္ကသိုလ်မှ အဖွဲ့အစည်း၏ ရန်ပုံငွေကောက်ခံရမှုမှာ နှစ်နှစ်ထာအတွင်း ဩစတြေးလျဒေါ်လာ သန်း ၅၀၀ ကောက်ခံရရှိပြီးဖြစ်သည်။ ယင်းထက္ကသိုလ်၏ ဒုတိယအဓိပတိဖြစ်သူ ဂလင်းဒေးဗစ်က ၂၀၂၁ခုနှစ်တွင် ယခုကောက်ခံရရှိထားသော ပမာဏထက် နှစ်ဆရရှိရန်မျှော်မှန်းလျက်ရှိကြောင်းပြောခဲ့သည်။

ထို့အပြင် ကျွန်ုပ်တို့၏ ရည်မှန်းချက်မှာ အနာဂတ်မျိုးဆက်သစ်များ၏ ဘဝကိုပြောင်းလဲပေးရန် ဖြစ်သည်ဟု ပြောခဲ့သည်။ အနာဂတ်တွင်ဖြစ်လာမည် ခေါင်းဆောင်များပညာသင်ကြားရန် အမေရိကန်ဒေါ်လာသန်း၁၅၀၊ အဖွဲ့အစည်း တိုးတက်စေရန် ဒေါ်လာသန်း၁၂၀၊ လူ့အခွင့်အရေးဥပဒေ၊ ကလေးသုငယ်များစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအခြေအနေ၊ အရေပြားကင်ဆာစသည့် သုတေသနလုပ်ငန်းများ တိုးမြှင့်ရန်အတွက် ဒေါ်လာသန်း၂၃၀ကျော် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မဲလ်ဘုန်းတက္ကသိုလ်သည် ဩစတြေးလျသမိုင်းတွင် အကြီးမားဆုံးပရဟိတအဖွဲ့အစည်းဖြစ်ပြီး အာရပစိဖိတ်ဒေသတွင်လည်း အကြီးမားဆုံးရန်ပုံငွေကောက်ခံရရှိသည် ထက္ကသိုလ်ထစ်ခုဖြစ်သည်။ **(ဆင်ဟွာ)**

❖ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဝန်ကြီးချုပ်များ၊ တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြပြီး ကင်းထောက်လူငယ်များ စခန်းချနေသည့် (ပုပ္ပားစခန်း)သို့ ရောက်ရှိကြရာ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ ကင်းထောက်ချုပ်ကြီး နိုင်ငံတော်သမ္မတအား ကင်းထောက်ကြီးများနှင့် ကင်းထောက်လူငယ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ၊ ကင်းတောက်ကြီးများနှင့် ကင်းထောက်လူငယ်များက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များအား အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ကင်းထောက်မောင်မယ်များ စခန်းချတွေ့ဆုံပွဲကို ယမန်နှစ်က ဖြင်ဦးလွင်ထင်းရှူးတောစခန်း၌ ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် မောင်တို့မယ်တို့အတွက် အသစ်အဆန်းတစ်နေရာဖြစ်သည့် ပုပ္ပားစခန်းကို ရွေးချယ်စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပုပ္ပားတောင်ကြီးကိုလည်း အထင်ကရတွေ့မြင်ရပြီး မောင်တို့မယ်တို့ကိုယ်တိုင် သမိုင်းဝင်အထင်ကရ ပုပ္ပားတောင်ကြီးနှင့် တောင်ကလပ်ကို တက်ရောက်ကြပြီးဖြစ်ကြောင်း။

မောင်တို့မယ်တို့အဖွဲ့တွင် မြန်မာနိုင်ငံအနှံ့အပြား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ အခြေခံပညာအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့်တို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပါဝင်ကြသည့်အတွက် ကင်းထောက်ညီအစ်ကို မောင်နှမများနှင့် တွေ့ဆုံရသည့် မမေ့နိုင်ဖွယ်ရာ တွေ့ဆုံပွဲလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းတစ်ရာကျော် စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအချင်းချင်းချစ်ခင်သည့် ညီအစ်ကိုမောင်နှမစိတ်၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိရမည်ဖြစ်ကြောင်း၊ ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွချစ်ကြည်စွာ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို ငယ်စဉ်ကျောင်းသားဘဝကပင် မွေးမြူကြရမည်ဖြစ်ကြောင်း။

ယခုလူငယ် နောင်ဝယ်လူကြီး ဆိုသကဲ့သို့ မောင်တို့မယ်တို့သည် တစ်ချိန်တွင် တိုင်းပြည်၏ တာဝန်များကို ကျရာအခန်းကဏ္ဍမှ ပါဝင်

စာမျက်နှာ ၇ သို့



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကင်းထောက်လူငယ်များက စခန်းချတွေ့ဆုံပွဲ အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များ ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီးကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၆ မှ*

တာဝန်ယူကြရမည် ဖြစ်ကြောင်း၊ တာဝန်သိသော နိုင်ငံ့သားကောင်းများဖြစ်ရန်အတွက် ဗလငါးတန်နှင့် ပြည့်စုံရန်လိုကြောင်း၊ ကိုယ်ကျင့်တရားကောင်းရန်၊ စည်းကမ်းကောင်းရန်၊ ဖွဲ့သတ္တိ၊ ဝီရိယဆိုသည့် အရည်အချင်းများသည် မရှိမဖြစ်လိုအပ်ကြောင်း၊ ထို့ပြင် အများအကျိုးကို သယ်ပိုးဆောင်ရွက်ရန်၊ အချင်းချင်း ရိုင်းပင်းကူညီရန်ဆိုသည့် စိတ်ထားများကိုပါ ကင်းထောက်မောင်မယ်ဘဝမှာကတည်းက လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ ကင်းထောက်၏ ဆောင်ပုဒ်အတိုင်း နိုင်ငံအတွက် "အမြဲအသင့်" ဖြစ်နေကြရမည်ဖြစ်ကြောင်း။

ကင်းထောက် အဖွဲ့အစည်းကြီးသည် နိုင်ငံ့သားကောင်းများဖြစ်ရန် လေ့ကျင့်မွေးမြူပေးသည့် အဖွဲ့အစည်းကြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကင်းထောက်အဖွဲ့အစည်း များစွာရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၁၃ ခုနှစ်တွင် ကင်းထောက်အသင်းစတင်ပေါ်ပေါက်ခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းအထိ မြန်မာနိုင်ငံ ကင်းထောက်အသင်းများ ရှိခဲ့ကြောင်း၊ သို့သော်လည်း အကြောင်းကြောင်းများကြောင့် တိမ်ကောပျောက်ကွယ်သွားခဲ့သည်မှာ နှစ်ပေါင်း ၅၀ ခန့်ရှိပြီ ဖြစ်ကြောင်း။

ယခုအခါတွင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်ကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းနိုင်ခဲ့ပြီး အချိန်တိုအတွင်း စိတ်အားထက်သန်သည့် ကင်းထောက်မောင်မယ် အင်အား ၅၉၀၀၀ ကျော်အထိ ရှိလာခဲ့ကြောင်း၊ မောင်တို့မယ်တို့၏ နိုးကြားတက်ကြွစွာ ဆောင်ရွက်မှုကြောင့် ယခုအခါတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရန်အတွက် အကဲဖြတ်ရန် ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက် အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ ကင်းထောက် ကော်မတီဥက္ကဋ္ဌနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒါရိုက်တာပုဂ္ဂိုလ်များ မြန်မာနိုင်ငံသို့ ရောက်ရှိနေကြပြီဖြစ်ကြောင်း။

အဆိုပါ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများသည် သက်တမ်းအားဖြင့် နုနယ်သေးသည့် မိမိတို့ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာရန်အတွက် နည်းပညာပိုင်းဆိုင်ရာ အကူအညီများလည်းပေးကြမည်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်တွင် အဇာဘိုင်ဂျန်နိုင်ငံ၌ ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ ကင်းထောက်အဖွဲ့အစည်းများ တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံ ဖြစ်ရေးအတွက် ဝိုင်းဝန်းကူညီကြမည်ဖြစ်၍ ၎င်းတို့ကို ကျေးဇူးတင်ကြရမည် ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် မောင်တို့မယ်တို့သည် နိုင်ငံ့ဂုဏ်ဆောင် ကင်းထောက် မောင်မယ်များဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ သာယာလှပကောင်းမွန်သည့် မောင်တို့မယ်တို့၏ အနာဂတ်ကို ဖန်တီးနိုင်သည့် စွမ်းဆောင်ရှင်များဖြစ်အောင် အားထုတ်ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတအား ကင်းထောက်လူငယ်များက စခန်းချတွေ့ဆုံပွဲ အမှတ်တရ လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ကင်းထောက်မောင်မယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ်များ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီး ကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာတို့နှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့၊ အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီးကင်းထောက်ဒေသဆိုင်ရာ ဒါရိုက်တာနှင့် အဖွဲ့ဝင်များအား ပုပ္ပားသစ်တောဥယျာဉ် ပညာပေးပြခန်းဧည့်ခန်းမ၌ တွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ပုပ္ပားတောင်ပတ်လမ်းရှိ လျှော်တောရွာ၊ ဆည်ရွာ၊ နတ်ကန်လည်ရွာ၊ ဆင်ဇင်းရွာနှင့် ဆိုကန်းကျေးရွာတို့၌ ဒေသခံပြည်သူများ၏ သရက်၊ ငှက်ပျော၊ နဂါးမောက်စိုက်ခင်းများကို ကြည့်ရှုပြီး ဒေသခံဖြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ သောက်သုံးရေရရှိရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေးနှင့် စာသင်ကျောင်းဆောင်သစ် လိုအပ်မှုကိစ္စများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ပုပ္ပားအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲအထိမ်းအမှတ် မီးပုံပွဲသို့ တက်ရောက်သည်။

အဆိုပါ ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ (ပုပ္ပားစခန်း)၌ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကင်းထောက်မောင်မယ်များ၊ ကင်းထောက်ကြီးများ၊ အထောက်အကူပြုအဖွဲ့များ စုစုပေါင်း ၆၁၉ ဦးတို့သည် မတ် ၁ ရက်မှ စတင်စခန်းချလျက်ရှိပြီး ကျွမ်းကျင်မှုများ ဆွေးနွေးပို့ချခြင်း၊ အမျိုးသား အမျိုးသမီး ကင်းထောက်ဆိုင်ရာ လုပ်ငန်းစဉ်များ သင်ကြားခြင်း၊ ခြေလျင်တောင်တက်ခရီးထွက်ခြင်း၊ ယဉ်ကျေးမှုနယ်မြေ လေ့လာခြင်း၊ ကင်းထောက်အရည်အသွေးဆန်းစစ်ခြင်းနှင့် စခန်းကာလ အတွေ့အကြုံများအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ယခု ကင်းထောက်စခန်းချတွေ့ဆုံမှုမှာ စတုတ္ထအကြိမ်ဖြစ်ပြီး ပထမအကြိမ် တွေ့ဆုံမှုကို ၂၀၁၃ ခုနှစ်က နေပြည်တော် ရွာတော်တည်းခိုရေးစခန်း၌ လည်းကောင်း၊ ဒုတိယအကြိမ် ကင်းထောက်စခန်းချတွေ့ဆုံမှု ၂၀၁၄ ခုနှစ်နှင့် တတိယအကြိမ် ကင်းထောက်စခန်းချတွေ့ဆုံမှု ၂၀၁၅ တို့ကို ပြင်ဦးလွင်မြို့ရှိ ကင်းထောက် မောင်မယ်စခန်း၌ လည်းကောင်း ကျင်းပခဲ့သည်။

**(သတင်းစဉ်)**



ဥမကွဲသိုက်မပျက် အေးအတူပူအမျှ အတူတကွ ချစ်ကြည်စွာ နေထိုင်လိုသည့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်။

မောင်တို့မယ်တို့အနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကို ယေဘုယျကျောင်းသားဘဝကပင် မွေးမြူကြရမည်ဖြစ်။



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုပ္ပားတောင်ပတ်လမ်းရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ကွန်ပျူတာ၊ အင်တာနက် ဆင့်ပွားသင်တန်းဆင်း

**ရန်ကုန် မတ် ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် ကွန်ပျူတာ၊ အင်တာနက် နည်းပညာဆင့်ပွားသင်တန်းဆင်းပွဲကို မတ် ၃ ရက် နံနက် ၉ နာရီက ခရမ်းမြို့ ကမာကလုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ပြီး အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**

# ကင်းထောက်လူငယ်များ ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း) မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ပစိဖိတ်ဆိုင်ရာ အမျိုးသမီးကင်းထောက်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အပြန်အလှန်ပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ မြန်မာနိုင်ငံ ကင်းထောက်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ ကင်းထောက်လူငယ်များ၏ ကင်းစိတ်အလိုက် စခန်းချစွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျောက်ပန်းတောင်းမြို့နယ် (ပုပ္ပားစခန်း)၌ စခန်းချနေသည့် ကင်းထောက်လူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)





ပုပ္ပားအခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကင်းထောက်လူငယ်များ စခန်းချတွေ့ဆုံပွဲ အထိမ်းအမှတ် မီးပုံပွဲတွင် ဖျော်ဖြေကပြမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော် သမ္မတ ဦးသိန်းစိန် ပြင်ဦးလွင်မြို့ ကင်းထောက်လူငယ်များ စခန်းချ တွေ့ဆုံပွဲ (၂၀၁၅)ကျင်းပစဉ်က ကင်းထောက်လူငယ်များ၏ ကင်းစိတ်အလိုက် စခန်းချ စွမ်းဆောင်ထားမှုများကို ကြည့်ရှုအားပေးစဉ်။(အပေါ်ပုံနှင့်ယှဉ်) (သတင်းစဉ်)

# စိုက်ပျိုးရေးလုပ်ငန်းသုံးရန် စက်ရေတွင်းတူးဖော်ရာမှ ရေလျှံတွင်းတွေ့ရှိ

**မလှိုင် မတ် ၄**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကျောက်တန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းသုံးရန်အတွက် စက်ရေတွင်း တူးဖော်ခဲ့ရာ အနက်ပေ ၂၀၀ အရောက်တွင် ရေများ အလိုအလျောက် လျှံထွက်နေသည့် ရေလျှံတွင်းကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ကျောက်တန်းကျေးရွာ ကွင်းအမှတ်(၃၄၉) ဦးပိုင်အမှတ် (၅၆/၁) ရှိ တောင်သူ ဦးစိန်လှိုင်၏ ယာမြေ ခရမ်းချဉ်စိုက်ခင်းနှင့် ကြက်သွန်စိုက်ခင်းတွင်အသုံးပြုရန်အတွက် စက်ရေတွင်းကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်က တူးဖော်ခဲ့ရာ အနက် ပေ ၂၀၀ အရောက်တွင် ရေများအလိုအလျောက် လျှံထွက်နေသည့် ရေလျှံတွင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရေတွင်းမှာ အနက်ပေ ၂၀၀ ရှိ လေးလက်မ အဝီစိတွင်းဖြစ်ပြီး ကိုးမိနစ်လျှင် ရေတစ်စည်နှုန်း ထွက်ရှိကြောင်း သိရသည်။ ရေလျှံတွင်းမှ ထွက်ရှိသောရေသည် ရေချိုဖြစ်နေသဖြင့် စိုက်ပျိုးရေးအတွက်သာမက သောက်သုံးရန်အတွက်ပါ ကောင်းမွန်သဖြင့် ရေတွင်းပိုင်ရှင် ဦးစိန်လှိုင်က ရေလိုအပ်သူများကို အခမဲ့ပေးနေသဖြင့် ဒေသခံများ ရေအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ရေလျှံတွင်းက ရေချိုဖြစ်နေတာ ဝမ်းသာစရာပါ။ အယ်နီညိုရာသီဥတုကြောင့် ရေရှားမယ်၊ မိုးရာသီနှုန်းမှ နည်းပါးမယ်လို့ ပညာရှင်တွေခန့်မှန်းထားချိန်မှာ အခုလို ရေလျှံတွင်းတွေ့တာ ကျွန်တော်တို့မြို့နယ်အတွက် ကံကောင်းတာပါ။ ဘယ်လောက်ကြာကြာ ထွက်မလဲ သတိထားကြည့်နေခဲ့တာပါ။ အခုချိန်ထိတော့ ရေထွက်အားလျော့မသွားသေးပါဘူး၊ ပုံမှန်လျှံထွက်နေပါတယ်။ ရေရှားမယ့်အချိန်မှာ ခုလိုမျိုး ရေလျှံတွင်းတွေ့တာ စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေပါ အသုံးပြုနိုင်လို့ အများကြီး အထောက်အပံ့ဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးစန်းယုက ပြောပြသည်။

**အောင်ဌေး(မလှိုင်)**


# နွားနို့တိုက်ပါ



ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့
ကျန်းမာသန်စွမ်းစေဖို့
ဉာဏ်ရည်ဉာဏ်သွေး
ကောင်းစေဖို့
အသားအရေလှပစေဖို့
ကျောင်းနေအရွယ်
သင့်ကလေးကို
နွားနို့တိုက်ပါစို့


## နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# ထုံးဘိုကျေးရွာပြည်သူများ ရေလုံလောက်စွာရရှိရေးမျှော်လင့်

**တပ်ကုန်း မတ် ၄**

ပြည်ထောင်စုနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ထုံးဘိုကျေးရွာသည် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)တစ်ကျောင်း၊ ကျန်းမာရေးဆေးခန်းတစ်ခု၊ အိမ်ခြေ ၃၂၉ လုံး၊ လူဦးရေ ၁၆၄၅ ဦး နေထိုင်သောကျေးရွာဖြစ်သည်။



သောက်ရေ၊ သုံးရေရရှိရေးအတွက် ရေခပ်သွားရောက်သည့် ထုံးဘိုကျေးရွာပြည်သူများအား တွေ့ရစဉ်။

အဆိုပါ ကျေးရွာတည်ရှိသည့် ရွာမြေများမှာ ကျောက်စရစ်ကုန်းမြေဖြစ်၍ အုတ်ရေတွင်း၊ လက်နှိပ်တုံကင်ရေတွင်း၊ စက်ရေတွင်းများ တူးဖော်ရာတွင် ကျောက်ဆောင်များခံနေပြီး ရေထွက်ရှိမှုမရှိသောကြောင့် ရွာ၏မြောက်ဘက် လယ်ယာမြေအနီးတွင် ပေ ၁၄၀ အနက်ရှိ စက်ရေတွင်းတစ်တွင်းသာ ရှိသော်လည်း ကျေးရွာပြည်သူများနှင့် ကျွဲနွားများအတွက် နွေရာသီတွင် သောက်သုံးရေ လုံလောက်မှုမရှိမည်ကို စိုးရိမ်လျက်ရှိသဖြင့် ရေတွင်း၊ ရေကန်အလှူရှင်များ လိုအပ်နေကြောင်း ဒေသခံပြည်သူများက ပြောသည်။ **တင်စိုးလွင်(မြန်/ဆက်)**

## အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ မီးဘေးသင့်ပြည်သူများအတွက်လှူဒါန်း

**နေပြည်တော် မတ် ၄**

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဖေဖော်ဝါရီလအတွင်း မီးလောင်ကျွမ်းမှု ဖြစ်ပေါ်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ မီးဘေးသင့်အိမ်ထောင်စု ၃၂၉ စုအတွက် ငွေကျပ်သိန်း ၃၆၀၉၀၀၀ နှင့် စောင်၊ အဝတ်အထည်၊ မုန့်များသွားရောက်ပေးအပ်လှူဒါန်းခဲ့သည့်အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့ရှိ မီးဘေးသင့်အိမ်ထောင်စု ၂၀၉ စုအတွက် ငွေကျပ် သိန်း ၂၅၀၈၀၀၀ ကိုလည်း လှူဒါန်းခဲ့ပြီး မီးဘေးသင့်ပြည်သူများအတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ စုစုပေါင်း လှူဒါန်းငွေကျပ်သိန်း ၆၁၂၇၀၀၀ ပေးအပ်လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှုဆက်လက်ဖြစ်ပွား

**မအူပင် မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ အမှတ်(၁၀)ရပ်ကွက် ဆည်မြောင်းတာ အပြင်ဘက်ပိုင်းရှိ တိုးမြစ်ကမ်းနံဘေး ဦးတိုက်စိုး ဝါးပွဲရုံလုပ်ငန်းထိပ်မှ သစ်ဆန်းမုန့်ဟင်းခါးဖိုထိပ်အထိ အလျားပေ ၁၅၀ အကျာ၌ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုမှု မတ် ၁ ရက် ည ၈ နာရီ မိနစ် ၄၀ က စတင်ဖြစ်ပွားခဲ့သည်။

အဆိုပါ ပွဲရုံမှရောင်းကုန်ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရန် မြို့နယ်မှတာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက ကမ်းပြိုမှုနှင့်လွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြပြီး ကမ်းပြိုမှုအတွက် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေ ၃ နာရီခန့်တွင် မြစ်ကမ်းနဖူးမှ ပေ ၅၀ ခန့် ဆက်လက်ပြိုကျလာရာ ဆည်မြောင်းတာ အပြင်ဘက်ရှိ ဝါး၊ ဓနိပွဲရုံပါ လုပ်ငန်းရှင် လေးဦး၏ အလုပ်ရုံအနီး ၁၅ ပေခန့်အကွာ၌ ကမ်းပြိုမှု ရပ်တန့်သွားသည်။

ကမ်းပြိုမှုကို ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးမှ တာဝန်ရှိသူများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများက ကမ်းပြိုမှုကို ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်နိုင်(မြန်/ဆက်)**


## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
## လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေ၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | နိုင်ငံခြားစက္ကူ ၃၀" | - | ၇၀၀၀ တန် |
| (ခ) | Web Ink(Black) | - | ၆၃၂၀၀ ကီလို |
| (ဂ) | Web Ink(Cyan) | - | ၄၀၀၀၀ ကီလို |
| (ဃ) | Web Ink(Magenta) | - | ၃၈၀၀၀ ကီလို |
| (င) | Web Ink(Yellow) | - | ၃၆၀၀၀ ကီလို |
| (စ) | Sheetfed Ink Black | - | ၆၀၀ ကီလို |
| (ဆ) | Fountain Solution | - | ၈၀၀၀ လီတာ |
| (ဇ) | CTP Plate (Fuji System)(889x609x0.3)mm | - | ၃၂၀၀၀ ချပ် |
| (ဈ) | CTP Plate(Kodak System)(889x577x0.3)mm | - | ၂၁၀၀၀ ချပ် |
| (ည) | CTP Plate(Kodak System)(889x609x0.3)mm | - | ၁၀၅၀၀၀ ချပ် |
| (ဋ) | Developer(Fuji System) | - | ၁၀၀၀ လီတာ |
| (ဌ) | Developer(Kodak System) | - | ၂၀၀၀၀ လီတာ |
| (ဍ) | Replenisher(Fuji System) | - | ၂၇၀၀ လီတာ |
| (ဎ) | Gurn Arabic | - | ၄၀၀ လီတာ |
| (ဏ) | Wipe on Aluminium Plate(650x550x0.24)mm | - | ၃၀၀၀ ချပ် |
| (တ) | Ortho Film(22"x32") | - | ၆၀ ဘူး |
| (ထ) | Developing Lacquer | - | ၃၀၀ လီတာ |
| (ဒ) | Plate Cleaner | - | ၄၀၀ လီတာ |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၇-၃-၂၀၁၆ရက်မှ ၆-၄-၂၀၁၆ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၄-၂၀၁၆ရက် နံနက် ၉နာရီမှ ညနေ ၄း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

# အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များ လေးစားရေး

# Respect to the rights and freedoms of others

ကိုစစ်(လူမှု)

*လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာဆောင်းပါးတွင် လူ့အခွင့်အရေး၏ ပဥ္စသီလ (၅) ချက်တွင် "အခြားသူ၏ အခွင့်အရေးလေးစားရေး" ဟူသော လူ့အခွင့်အရေး၏ အနှစ်သာရ တစ်ချက်ပါရှိသည်။ လူ့အခွင့်အရေးစံနှုန်းများမြင့်မားသော လူ့အဖွဲ့အစည်းတွင် လူတိုင်းသည် လူ့အခွင့်အရေးများကို လေးစားလိုက်နာရမည်ဖြစ်သည်။ အလားတူ အခြားသူ၏ အခွင့်အရေးများကိုလည်း လေးစားရမည်သာဖြစ်သည်။*

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (အတိုအားဖြင့် UDHR) ၏ နိဒါန်း ခြောက်ခုမြောက် အပိုဒ်တွင် **"ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ကုလသမဂ္ဂအဖွဲ့နှင့်ပူးပေါင်း၍ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို ကမ္ဘာ့တစ်ဝန်းလုံးက ပိုမိုမြှင့်တင်လေးစားလိုက်နာ ကျင့်သုံးကြစေရေးအတွက် ဆောင်ရွက်မည်ဟု ကတိပြုပြီးဖြစ်သောကြောင့် လည်းကောင်း"** ဟု အခိုင်အမာဖော်ပြထားပေသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာကြရန်တာဝန် (Responsibility) ရှိပေသည်။

UDHR ၏အပိုဒ် (၁) တွင်ပါရှိသည့် **"လူသားအားလုံးသည် လွတ်လပ်သူများအဖြစ် မွေးဖွားလာကြပြီး ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်။ လူတို့၌ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ပေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိကြ၍၊ တစ်ဦးကိုတစ်ဦး ညီရင်းအစ်ကို စိတ်ဓာတ်ဖြင့် ဆက်ဆံကျင့်သုံးသင့်သည်"** ဟု တိုက်တွန်းထားပါသည်။ ရှင်းလင်းရသည်ရှိသော် အနှောင်အဖွဲ့မရှိလွတ်လပ်သူများသာဖြစ်သည်။ ဂုဏ်သိက္ခာနှင့် အခွင့်အရေးများလည်း အားလုံးအတူအညီသာ ရရှိခံစားခွင့်ရှိကြသည်။ လူ့အခွင့်အရေးများရရှိ ခံစားနိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်တို့ ကျင့်သုံးရာတွင် အပေးအယူမျှမျှ၊ ဆင်ခြင်ဝေဖန်မှုရှိရှိဖြင့် ချစ်ခင်ကြင်နာသော ညီအစ်ကို သဖွယ်၊ ညီအစ်မသဖွယ်ကျင့်သုံးကြရန် လိုအပ်ပါကြောင်း ဖော်ညွှန်းထားခြင်း ဖြစ်ပေသည်။

UDHR ၏အပိုဒ် (၂၉) (၂) တွင် **"မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်ကို အသိအမှတ်ပြု၍ လေးစားရန် အလို့ငှာလည်းကောင်း၊ ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် တရားမျှတသော လိုအပ်ချက်များဖြစ်သည့် ကိုယ်ကျင့်တရား၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အလို့ငှာ လည်းကောင်း၊ ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်"** ဟု ဖော်ပြပါရှိပါသည်။ အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို လေးစားရန် တစ်နည်းဆိုသော် မထိပါးမိရန် တိုက်တွန်းထားခြင်းဖြစ်သလို ဥပဒေပြဋ္ဌာန်းချက်များ အတွင်းမှသာ ကျင့်သုံးခွင့်ရှိသည်ကို ရှင်းလင်းစွာ သတိပေးထားသည်။

**ကော်မရှင်၏ " ရည်မှန်းချက်" တစ်ရပ်မှာ-**

"မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့် ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာ ကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်လာစေရန်"ဟု ဖြစ်သည်။ လူ့အခွင့်အရေးများကို လေးစားရုံသာမက လိုက်နာကျင့်သုံးသည့် အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာရေးကို ရည်မှန်းမျှော်မှန်းပေသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာမြှင့်တင်ရေးလုပ်ငန်းစဉ်များ၏ ရည်မှန်းချက်တစ်ရပ်မှာ-

**"လောကပါလတရားနှင့် ဗြဟ္မာစိုရ်တရားထွန်းကားပြီး လူ့အခွင့်အရေးစံနှုန်းများမြင့်မားသော လူ့ဘောင်ပေါ်ထွန်းစေရန်အတွက် နိုင်ငံသားတိုင်း လူ့အခွင့်အရေးများ လိုက်နာကျင့်သုံးတတ်စေရန်"** ဖြစ်သည်။

ကျွန်တော်တို့ရရှိပိုင်ဆိုင်လိုသော၊ တည်ဆောက်လိုသော လူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အချင်းချင်းအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာတရားများထားရှိခြင်း၊ လောကပါလတရား (၃) ပါး၏လွတ်လပ်ခြင်း-ညီမျှခြင်း-တရားမျှတခြင်းများ ကျင့်သုံးခြင်းဖြင့်လည်း လူ့အခွင့်အရေးများ မြှင့်တင်သင့်လှပေသည်။

လွတ်လပ်ခွင့်နှင့် ပတ်သက်၍ အတွေ့အကြုံတစ်ခုကို ဖော်ပြလိုပါသည်။ ကျွန်တော်တို့ကော်မရှင်အဖွဲ့ ၂၀၁၅ ခုနှစ် မတ်လတွင် အောင်လံမြို့၌ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ ဟောပြောပြီး အမေးအဖြေအပြန်အလှန်ပြုလုပ်သည်။ အသက် (၈၀) ကျော်ခန့်ရှိအငြိမ်းစားအရာရှိတစ်ဦးက တင်ပြတိုင်ကြားသည်မှာ **"ညအချိန်မတော်တွင် မော်တော်ဆိုင်ကယ်တချို့၏ ကျယ်လောင်သော အိတ်ဇောသံကြောင့် လန့်နိုးပြီး ပြန်အိပ်၍မရတော့ကြောင်း၊ ဖြေရှင်းဆောင်ရွက်ပေးစေလိုကြောင်း"** ဖြစ်သည်။ ဆိုင်ကယ်စီးသူ၏ မဆင်မခြင် ပါဝါအိတ်ဇောတပ်၍ စီးနင်းမှုကြောင့် အခြားလူတွင် ထိခိုက်ခံစားမှုဖြစ်ရသည်ကို ကျွန်တော် နားလည်လိုက်သည်။ အသံ၏ ပတ်ဝန်းကျင်ထိခိုက်မှု (Noise Pollution) ဖြစ်စေပါသည်။ ဤတင်ပြချက်အပေါ် အဖွဲ့ခေါင်းဆောင် ကျွန်တော်မှ ပင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ပါဝါအိတ်ဇောတပ်ကားများအား ဖမ်းဆီးထိန်းသိမ်းပြီး ဥပဒေအရ အရေးယူသင့်တာယူ၊ သတိပေးပြန်လွှတ်တာလွှတ်၍ ဖြေရှင်းဆောင်ရွက်ပေးမှုကို ဥပမာပေးရှင်းပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး

အနေဖြင့် သင့်တော်သလို တားမြစ်ဆောင်ရွက်ပေးရန် တိုက်တွန်းရသည်။

လူ့အခွင့်အရေးကို **"လူသားတို့၏ လူ့အခွင့်အရေးဆိုင်ရာ ရရှိခံစားနိုင်ခွင့်နှင့် ဆောင်ရွက်ပိုင်ခွင့်"** ဟု ဖွင့်ဆိုပေသည်။ ရရှိခံစားပိုင်ခွင့်တွင်လူသားတစ်ဦး၏မွေးရာပါ အခွင့်အရေးများ ရရှိခံစားနိုင်ခွင့်ရှိပြီး အခြားသူများ၏ အခွင့်အရေးအတွက်ကိုလည်း ဆောင်ရွက်ပေးရမည့် တာဝန်ဝတ္တရားရှိလာပါက ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ဒါကြောင့် သင်၏ ဆောင်ရွက်ရန် တာဝန်ဝတ္တရားရှိမှတွင် **"အခြားသူ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်"** များကို လေးစားရန်လည်း အထူးလိုအပ်လှပေသည်။

**"လူ့အချင်းချင်း အပြန်အလှန်လေးစားရမည်"** (Due to respect) ဟူသောစကားမှာ ကျွန်တော်တို့လူမှု ဘဝနယ်ပယ်တွင် ပြောရိုးပြောစဉ် ကြားရလေ့ရှိသည်။ ဤစကားသည် **"လူ့အခွင့်အရေး၏ အပြန်အလှန်လေးစားခြင်း"** နှင့်အနှစ်သာရတူသာဖြစ်သည်။

> **ကျွန်တော်တို့ရရှိပိုင်ဆိုင်လိုသော၊ တည်ဆောက်လိုသော လူ့အခွင့်အရေး စံနှုန်းများနှင့်ကိုက်ညီသော လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ထွန်းလာရေးအတွက် အချင်းချင်းအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့်ဥပေက္ခာတရားများထားရှိခြင်း၊ လောကပါလတရား (၃)ပါး၏ လွတ်လပ်ခြင်း-ညီမျှခြင်း-တရားမျှတခြင်းများ ကျင့်သုံးခြင်းဖြင့် လည်း လူ့အခွင့်အရေးများ မြှင့်တင်သင့် . . .**

UDHR ၏ အပိုဒ်(၃) တွင် **"လူတိုင်းတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ်လုံခြုံမှု ရခွင့်ရှိသည်"** ဟု ဖော်ပြထားသည်။ လူသားများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်ကို အကာအကွယ်ပေးထားသည်။

ကမ္ဘာကြီးသည် ၂၁ ရာစုသို့ ရောက်နေပြီဖြစ်သည်။ လူသားအဖြစ် စတင်ပေါ်ထွန်းလာခဲ့သည်နှင့်ဆိုသော် နှစ်ပေါင်းသန်းချီကြာညောင်းခဲ့ပါပြီ။ သို့သော် ကမ္ဘာ့နေရာအနှံ့အပြားတွင် စိုးရိမ်ထိတ်ထန့်ဖွယ်ရာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ကြားသိရပါသည်။ အင်တာနက်နှင့်တီဗွီသတင်းများတွင် တွေ့မြင်နေရသည်။ ဥပမာ-ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံ နယ်စပ်မှ လူမှောင်ခိုကူးခံရသူများ၊ တရားမဝင် ရွှေ့ပြောင်းအလုပ်သမားများ၏ အလောင်းများ ဖော်ထုတ်တွေ့ရှိမှုများ၊ အင်ဒိုနီးရှားကျွန်းများပေါ်ရှိ ကျွန်ပြုခံရသူ မြန်မာများနှင့် အခြားနိုင်ငံသားများ၊ အာဖရိက နှင့် အရှေ့အလယ်ပိုင်းဒေသများတွင် အပြစ်မဲ့လူသားများ အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခံရမှုများ၊ လူ့အခွင့် အရေး ချိုးဖောက်ခံရမှုများ၊ မြို့များတွင် အကြီးဖက် ဖောက်ခွဲမှုများ၊ ပစ်ခတ်သတ်ဖြတ်ခံရမှုများ၊ လူစီးလေယာဉ်များအား ဖောက်ခွဲမှုများမှာ ကမ္ဘာကြီး၏ ရတက်မအေးဖွယ်ရာ လူ့အခွင့်အရေး အခြေအနေများ ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၅၃) တွင် **"မည်သူကိုမျှ တည်ဆဲဥပဒေနှင့်အညီမှတစ်ပါး အသက်ကိုဖြစ်စေ၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုကိုဖြစ်စေ နစ်နာဆုံးရှုံးမှုမဖြစ်စေရ"** ဟု ပြဋ္ဌာန်း၍ အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်ခွင့်ကို ကာကွယ်ပေးထားပါသည်။ နိုင်ငံသားများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို အကာအကွယ်ပေးခြင်းလည်းဖြစ်သည်။

ယနေ့ ကမ္ဘာကြီးတွင် လူကုန်ကူးမှုများ၊ လိင်ကျွန်ပြုမှုများ၊ လူများအား တရားမဝင် သယ်ဆောင်ခြင်းများ၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ကြသူများ၊ ခေတ်သစ်ကျွန်ပြုခြင်းများ၊ ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်မှုများကို ကမ္ဘာကြီးက စိတ်မချမ်းမြေ့သော်လည်း ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျများအဖြစ် မထူးဆန်း၊ မအံ့သြတော့ပေ။

ပြည်တွင်းအစေအပါးပြုမှုရှိနေသည်။ လွန်ကဲစွာ ပြုကျင့်သည်ရှိသော် ခေတ်သစ်ကျွန်မြုမှုဟု သတ်မှတ်ထိုက်သည်။ အိမ်ဖော်အဖြစ် အသုံးချခံရသော ကလေးတစ်ယောက်သည် ၎င်း၏အခွင့်အရေးများ ဆုံးရှုံးသည့်အပြင် ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များ မကြာခဏ ကြားသိရသည်။ ကော်မရှင်သို့ တိုင်တန်းမှုများရှိသည်။ ကော်မရှင်မှ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုပြီး တွေ့ရှိချက်၊ သုံးသပ်ချက်၊ တိုက်တွန်းချက်များနှင့်အတူ သက်ဆိုင်ရာအစိုးရအဖွဲ့သို့ ပေးပို့လျက်ရှိသည်။ သက်ဆိုင်ရာအစိုးရအဖွဲ့မှလည်း တည်ဆဲဥပဒေများနှင့်အညီလည်းကောင်း လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သော အနှစ်သာရဖြင့်လည်းကောင်း ဆောင်ရွက်ဖြေရှင်းပေးရန် လိုအပ်ပါသည်။

UDHR အပိုဒ် (၂၃-၃)တွင် **"အလုပ်လုပ်သည့်လူတိုင်းတွင် မိမိနှင့်မိမိ၏ မိသားစုအတွက် လူ့ဂုဏ်သိက္ခာနှင့်ထိုက်တန်သော ဘဝရပ်တည်မှုကို အာမခံနိုင်မည် တရားမျှတ၍ လျော်ကန်သင့်မြတ်သော အခကြေးငွေ ရပိုင်ခွင့်ရှိသည်။ လိုအပ်လျှင် အခြားလူမှုကာကွယ်ရေး စောင့်ရှောက်မှုများကိုလည်း ဖြည့်စွက်ရရှိခံစားပိုင်ခွင့်ရှိသည်"** ဟု ဖော်ပြထားသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ(၂၄)တွင် **"နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းဆောင်ရွက်မည်" ဟု** ဖော်ပြ၍ အလုပ်သမားများအားအကာအကွယ်ပေးထားသည်။ ထို့ကြောင့်အလုပ်သမားဝန်ကြီးဌာနမှ **"အလုပ်သမားအဖွဲ့အစည်းဥပဒေ"** (၂၀၁၁-ခုနှစ်)၊ **"လူမှုဖူလုံရေးဥပဒေ "** (၂၀၁၂-ခုနှစ်)၊ **"အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ"** (၂၀၁၂-ခုနှစ်)၊ **"အနည်းဆုံးလုပ်ခလစာဥပဒေ "** (၂၀၁၃-ခုနှစ်)များပြဋ္ဌာန်းခဲ့သည်ကိုတွေ့ရှိရပါသည်။

အလုပ်လုပ်သူတိုင်းသည် လခစားဖြစ်စေ၊ လုပ်ခနေ့စားဖြစ်စေ၎င်းတို့ လူမှု ဘဝအဆင့်အတန်းဖူလုံမှုအတွက် သင့်တင့်မျှတသော လုပ်အားခများ ခံစားခွင့်ရှိသင့်ပေသည်။ အလုပ်သမားများက၎င်းတို့၏အခွင့်အရေးတွင် အဓိကကျသောထိုက်တန်သည့်လုပ်ခလစာရရှိရေး ဆန္ဒပြ တောင်းဆိုနေကြသည်။ ထိုက်တန်သည့်လုပ်ခလစာမရရှိခြင်းသည် အလုပ်သမားများ၏ အခွင့်အရေးလျစ်လျူရှုခံရမှုဖြစ်သည်။ အလုပ်သမားတိုင်းသည်၎င်းတို့၏ လုပ်အား၊ ကျွမ်းကျင်မှု၊ ပညာအရည်အချင်းအပေါ်မူတည်၍ သင့်တော်သော လုပ်ခ ရခွင့်ရှိသည်။

မသန်စွမ်းသူများသည် လူ့အခွင့်အရေးများကို ရရှိခံစားခွင့်နှင့်မသန်စွမ်းအခွင့်အရေးများကိုလည်းရရှိခံစားခွင့်ရှိကြသည်။ မသန်စွမ်းများ၏ အခွင့်အရေးကိုကျွန်တော်တို့ အသိအမှတ်ပြုလေးစားကြရန် လိုအပ်ပါသည်။ အဓိကမှာ ခွဲခြားမှုမပြုရေး၊ တန်းတူညီမျှရေး၊ လူတိုင်းအကျုံးဝင်ပညာရေး(Inclusive Education-IE ) သင်ယူခွင့်၊ လူမှုအသိုင်းအဝိုင်းအတွင်း အကျုံးဝင်ပါဝင်ခွင့်ရရှိရေးများမှာ အဓိကကျပေသည်။

ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၁၈)တွင် **"လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ အမှားအမှန်ပေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်ရှိသည်"** ဟု ဘာသာရေးကိုးကွယ်မှုလွတ်လပ်ခွင့်ကိုဖော်ပြထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၄) တွင် **"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ခြည်သူ့ကိုယ်ကျင့်တရားသော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်းမဆန့်ကျင်လျှင်နိုင်ငံသားတိုင်းသည် ဘာသာ သာသနာရေးတွင်လွတ်လပ်စွာယူဆနိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကိုအညီအမျှရရှိစေရမည်"** ဟု ပြဋ္ဌာန်း၍ အခွင့်အရေးပေးထားသည်။

လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်တည်ဆောက်ခွင့်ရှိသည်။ မိမိ၏ ကိုးကွယ်ခွင့်နှင့်ယုံကြည်တည်ဆောက်ခွင့်အား လွတ်လပ်စွာပြောင်းလဲခွင့်ရှိသည်။ ဒါကြောင့်ကျွန်တော်တို့သည်လူတစ်ဦး၏ ကိုးကွယ်ခွင့်၊ ယုံကြည်တည်ဆောက်ခွင့်များကို အပြန်အလှန် လေးစားခြင်းအားဖြင့် ညီညွတ်မျှတ၍ ဟန်ချက်ညီသော လူမှုအဖွဲ့အစည်း၏ ပျော်ရွှင်ချမ်းမြေ့ဖွယ်ဘဝများကို ရရှိပိုင်ဆိုင်နိုင်ကြပါသည်။

အခြားလွတ်လပ်ခွင့်များမှ အချို့အား ရှင်းလင်းဖော်ပြလိုပါသည်။ UDHR အပိုဒ် (၁၂)တွင် ပုဂ္ဂလိရေးလွတ်လပ်ခွင့် (Personal Privacy) အားဖော်ပြထားသည်။ သာဓကအားဖြင့်လူအများ အိပ်စက်အနားယူချိန်တွင်အသံချဲ့စက် အသုံးပြုခြင်းများ၊ တေးဂီတ ဖျော်ဖြေပွဲများအားအချိန်ကန့်သတ်၍ဆောင်ရွက်ခွင့်ပြုခြင်းဖြင့် အများပြည်သူ၏ လွတ်လပ်စွာ အိပ်စက်အနားယူခွင့်ကို ကာကွယ်ပေးထားသည်။ တယ်လီဖုန်း ခိုးနားထောင်ခြင်း၊ ကြားဖြတ်ဖမ်းယူခြင်း၊ ပေးစာများဖွင့်ဖောက် ဖတ်ရှုခြင်းများသည် ပုဂ္ဂလိရေးလွတ်လပ်ခွင့်ကိုထိပါးခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် ဖေ့စ်ဘွတ်ခ် (Facebook)ဖြင့်အခြားသူ၏ ဂုဏ်သိက္ခာထိပါးခြင်း၊ ဖေ့စ်ဘွတ်ခ်(Fb) အားနှောင့်ယှက်တိုက်ခိုက်ခြင်းများမှာမြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတွင်စက္ကန့်နာရီမလပ် ဖြစ်ပွားနေသော လူ့အခွင့်အရေး ထိပါးမှုများ ဖြစ်နေပါပြီ။ ဖေ့စ်ဘွတ်ခ်ဖြင့်ကမ္ဘာကြီးအား ကြည်နူးပျော်ရွှင်ဖွယ်ရွာကြီးတစ်ရွာအဖြစ် ဖန်တီးနိုင်ကြပါသည်။ အဆုံးမရှိသော ဗဟုသုတများကို ရှာဖွေခြင်း၊ လေ့လာခြင်း၊ မျှဝေခြင်းများအလေးထားပြုလုပ်နိုင်ကြပါသည်။

မိမိအခွင့်အရေးလေးစားတတ်သူ၊ အခြားသူများ၏ အခွင့်အရေးလေးစားတတ်သူများသည် **"လူ့အခွင့်အရေးမထိပါး" "မွေးရာပါဂုဏ်သိက္ခာကိုတန်ဖိုးထား" "ခွဲခြားခြင်းမပြု" "တန်းတူညီမျှအလေးထား"** ကြမည်သာ ဖြစ်ပေသည်။

# ငါးသယံဇာတမျိုးသုဉ်းမှုမဖြစ်ပွားရေးနှင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရေး ဆွေးနွေး

**ပူတာအို မတ် ၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မန်စေကျေးရွာအုပ်စု အောက်ဆန်ဂေါင်ကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်းသို့ မတ် ၂ ရက်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ ရောက်ရှိခဲ့ကြောင်း သိရသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသငါးမျိုးများဖြစ်သည့် ငါးနီ၊ ငါးဒေါက်မျိုး ငါးများမွေးမြူထားရှိမှု အခြေအနေနှင့် အစာကျွေးမွေးမှုစနစ်များ၊ သားဖောက်ကန်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသငါးမျိုးများမှ အရွယ်ရောက် ငါးမျိုးများကို ထပ်မံစုဆောင်းပြီး အောင်မြင်အောင် သားဖောက်ရန်၊ ထွက်ရှိလာသော ငါးသားပေါက်များကို ပြစ်ချောင်းများသို့ မျိုးစိုက်ထည့်ရန်၊ တာဝန်ခံနှင့်ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။



ဆက်လက်၍ အထက်ဆန်ဂေါင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲခန်းမ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက ပူတာအိုဒေသ၌ ကမ္ဘာပေါ်တွင် မှတ်တမ်းမတင်ရသေးသည့် ငါးမျိုးစိတ် ငါးမျိုးကိုတွေ့ရှိရပြီး မြန်မာနိုင်ငံ၏ အခြားဒေသတွင်မတွေ့နိုင်သည့် ရှားပါးငါးမျိုးစိတ်များ ရှိသဖြင့် ဂုဏ်ယူရမည်ဖြစ်ကြောင်း၊ သဘာဝအလျောက်တည်ရှိသောငါးသယံဇာတများကို ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းမှသာ နောင်မျိုးဆက်များအတွက် လိုအပ်သော ငါးရကျွာကို ပြည့်ဝစွာစားသောက်နိုင်မည်ဖြစ်ကြောင်း၊ ပြောကြားသည်။

ထို့နောက် FAUNA and FLORA International စီမံကိန်းမန်နေဂျာ ဦးဇော်လွန်းက ငါးထိန်းသိမ်းရေးဇုန် တည်ထောင်ခြင်း၊ ဒေသခံများမှ တာဝန်ယူထိန်းသိမ်းရမည့် ကဏ္ဍများ၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အရန်မျိုးစေ့များ ကြိုတင်စီမံစုဆောင်းထားရှိရေး နှိုးဆော်ချက်

၁။ ယခင်နှစ် မြန်မာနိုင်ငံ အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီး ရေလျှံခြင်းများဖြစ်ပေါ်ခဲ့ပြီး စပါးစိုက်လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့မှုအပေါ် အချိန်မီပြန်လည်စိုက်ပျိုးရေးအတွက် မျိုးလုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့ခဲ့ပါသည်။

၂။ မိုးရာသီကာလတွင် ရေကြီးရေလျှံဖြစ်လေ့ဖြစ်ထရှိသော ဒေသများ အနေဖြင့် လာမည့်မိုးရာသီကာလအတွက် **အရန်မျိုးစေ့များ ကို ယခုနှစ် နွေသီးနှံပေါ်ချိန်တွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** လိုအပ်မည်ဖြစ်ပါသည်။

၃။ ရာသီဥတုကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုရှိလာသည့်ကာလတွင် နိုင်ငံ၏ စားရေရိက္ခာထုတ်လုပ်မှုကို မထိခိုက်စေရေးအတွက် အချိန်မီ အချိန်ကိုက် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ကြရန်၊ လိုအပ်သော **အရန်မျိုးစေ့များကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် စီမံချက်များဖြင့် မြို့နယ်အသီးသီးတွင် ကြိုတင်စီမံစုဆောင်းထားရှိကြရန်** နှိုးဆော်အပ်ပါသည်။

**(လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**

**ငါးရစ်၊ ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

## အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ထုတ်ပေး

**ပဲခူး မတ် ၄**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အလုပ်ခွင်တွင်ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေးသည့် အခမ်းအနားကို ဖေဖော်ဝါရီလနောက်ဆုံးပတ်က ပဲခူးမြို့ရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ နေပြည်တော်လူမှုဖူလုံရေးအဖွဲ့ ရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက အမှာစကားပြောကြားသည်။

ထို့နောက် ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံး၌ မှတ်ပုံတင်ထားသည့် ကျောက်တံခါးမြို့နယ် သာယာကုန်းမှ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း မန်နေဂျာရုံး(၂)မှ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံ အလုပ်သမား လက်ထောက်မန်နေဂျာ ဦးတင်ဇော်မင်းအတွက် ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့် ကျန်ရစ်သူအကျိုးခံစားငွေကျပ် ၅၄ သိန်းကို ညွှန်ကြားရေးမှူးချုပ် ဦးထွန်းသန်းက ပေးအပ်ခဲ့သည်။

အခမ်းအနားတွင် အာမခံအလုပ်သမားသုံးဦးတို့အတွက် ငွေလုံးငွေရင်းနှင့် အကျိုးခံစားခွင့်များထုတ်ပေးခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## သားဆက်ခြား မိသားစုစီမံကိန်းအလုပ်ရုံဆွေးနွေး

**လားရှိုး မတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲနှင့် Myanmar Partners in Policy and Research (MPPR) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သားဆက်ခြားမိသားစု စီမံကိန်းဆွေးနွေးပွဲကို မတ် ၂ ရက်က လားရှိုးမြို့ သူနာပြုသားဖွားသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး တွဲဖက်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းမင်းက သားဆက်ခြားမိသားစုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် Pathfimder International မှ Ms. Sono Aibe က ပျိုရွယ်သူများ အဆင်ပြေမည့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများကို ရှင်းလင်းပြောကြားပြီးနောက် အစုအဖွဲ့ခွဲ၍ ဖွဲ့ပြီး ဆွေးနွေးပွဲ အစီရင်ခံခြင်း၊ ထင်မြင်ချက်ပေးခြင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊ လုပ်ငန်းများအတွက် ကုန်ကျစရိတ် တွက်ချက်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပေလင်းအောင်(ပြန်/ဆက်)**

## ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကလေးဗဟိုပြုချဉ်းကပ်နည်း (CCA) ပြည်နယ်အဆင့်နည်းပြသင်တန်းဖွင့်

**စစ်တွေ မတ် ၄**

ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ကလေးဗဟိုပြုချဉ်းကပ်နည်း(CCA) ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို မတ် ၂ ရက်က စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ မဟာ ပညာကျော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးလှစိန်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး (စီမံ)ဦးစိန်ထွန်းလှတို့က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး (စီမံကိန်းကြီးကြပ် အကဲဖြတ်) ဦးကျော်လှက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများဖြစ်သည့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်လှ၊ ကျောက်ဖြူပညာရေးကောလိပ်မှ နည်းပြဆရာ ဦးစည်သူကျော်နှင့် နည်းပြ ၂၂ ဦးတို့က ကလေးဗဟိုပြုသင်ပြနည်း၊ အကျိုးဆောင်၏နည်းလမ်းများ၊ ကျောင်းတွင်းဆွေးနွေးပွဲ၊ ကျောင်းအုပ်စုဆွေးနွေးပွဲ၊ Lesson study မိတ်ဆက်၊ Lesson study အထွေထွေ၊ သိပ္ပံ၊ သင်္ချာ၊ လူမှု၊ သင်ပုန်း မှတ်ချက်ရေးသားနည်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဆရာကျောင်းသားဆက်ဆံရေး၊ အုပ်စုလုပ်ငန်းပေးခြင်း၊ စာသင်ခန်းတွင်မေးခွန်းမေးမြန်းခြင်း၊ စစ်ဆေးအကဲ မြတ်ခြင်း (ကြည့်ရှုလေ့လာ၊ စိကားရေးသား၊ အခန်းဆုံးစစ်)၊ သင်ကူ ပြုလုပ် အသုံးပြုလုပ်ခြင်း အထွေထွေ၊ လူမှု၊ သိပ္ပံ၊ သင်္ချာ၊ Action Plan ရေးဆွဲခြင်း၊ ကျောင်းတွင်း၊ အုပ်စုဆွေးနွေးပွဲ၊ Action Plan သင်တန်းစသည့် ဘာသာရပ်များကို လေးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ပေါက်တောမြို့နယ်တို့မှ ဆရာ ဆရာမ ၁၉၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းတက်ရောက်သောဆရာ ဆရာမများမှတစ်ဆင့် မိမိတို့မြို့နယ်အလိုက် ဆင့်ပွားသင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်ပေ**

## မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ၂၀၁၆ ပြပွဲဖွင့်

**ရန်ကုန် မတ် ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ပြုလုပ်သော မြန်မာအပြည့်ပြည့်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ၂၀၁၆ ပြပွဲကို မတ် ၃ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အကြံပေးပုဂ္ဂိုလ်များ၊ စက်မှုလုပ်ငန်းရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ပြပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါပြပွဲကို မတ် ၃ ရက်မှ ၆ ရက်အထိ အပြည်ပြည်ဆိုင်ရာ အရှေ့တောင်အာရှနိုင်ငံများ၊ ပြည်တွင်းကုမ္ပဏီလုပ်ငန်းရှင်များမှ ထုတ်လုပ်သော လယ်ယာသုံးအကြီးစား စက်ယန္တရားများ၊ စက်အပိုပစ္စည်းစက်ကိရိယာများကို ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ဒလ၌ နွေရာသီအားကစား သင်တန်းများဖွင့်

**ဒလ မတ် ၄**

နွေရာသီကျောင်းပိတ်ရက်များ၌ ကျောင်းသား ကျောင်းသူများအတွက် ဒလမြို့နယ်တွင် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

အဆိုပါနွေရာသီအားကစားသင်တန်းကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပညာရေးနှင့် အား/ကာဦးစီးဌာနတို့က ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဗိုလ်တေဇအားကစားပြိုင်ပွဲဝင်းရှိ အားကစားခန်းမ၌ မတ် ၁ ရက်မှစတင်၍ ရက်သတ္တလေးပတ်ကြာ သင်တန်းပို့ချလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

# Heat Stroke ရာသီ ရောက်လာပြီ

ယခုအချိန်သည် နေရောင်ခြည်အပူရှိန် လွန်ကဲသဖြင့် နေအိမ်အပြင်ထွက် အလုပ်လုပ်ရသူများ သတိပြုရမည့် ရာသီဖြစ်သည်။ အထူးသဖြင့် အသက် ၅၀ ကျော်လူကြီးများ၊ သွေးတိုးရောဂါရှိသူများ အပြင်ထွက်လျှင် ပို၍သတိထားရမည်။ နေရောင်ခြည်နှင့် တစ်နာရီကျော်ထက်ပို၍ မထိတွေ့အောင် သတိပြုသွားလာပြီး အရိပ်ရှိရာတွင် နားနေသင့်သည်။

နေရောင်ခြည်တွင်ပါဝင်သော ဥဏှတေဇောဓာတ်သည် အရေပြားမှတစ်ဆင့် သွေးကြောများသို့ ဝင်ရောက်စီးဝင်ကာ ဟဒယဝတ္ထုခေါ် နှလုံးသို့ရောက်ရသည်။ နှလုံးတွင် အပူဓာတ်များစုမိသောအခါ နှလုံးသွေးများဆူပွက်ပြီး ဖြစ်ပေါ်လာသည့် လေပူဓာတ် ဂန္ဓာဝါယောက ဦးနှောက်သို့ တွန်းတင်လိုက်သောအခါ အဘိဉာဏ်ပျက်၍ သတိလစ်မေ့လဲခြင်း ဖြစ်ရလေသည်။

ရှေးက ဆေးကျမ်းများတွင်ပါဝင်သည့် နှလုံးသွေးဖောက်ပြန်မှုကြောင့် မေးလျှင်မထူး၊ ခေါ်လျှင်မကြား၊ စကားမပီ၊ သတိချို့ယွင်း၊ အပူကြီး၊ မူးလဲသော 'ဒါဟ' အဖျားလက္ခဏာသည် ယခုခေတ် Heat Stroke ရောဂါနှင့် အလွန်ပင်ဆင်တူသဖြင့် ရှေးနှစ်ပေါင်းနှစ်ရာကျော်ကပင် လူသားတို့ဗဟုသုတဖြစ်ပွားခဲ့သောရောဂါဟု မှတ်ယူနိုင်သည်။

နေမင်းသည် ကမ္ဘာနှင့်အလွန်နီးကပ်လာသည့် အပူရှိန်ပြင်းလာသည့်ကာလမှာ တကာ်ဥတုဖြစ်သည်။ ဒေသနာနယဆေးပညာအခြေခံတွင်ပါဝင်သော အယဉ်နစ်ပါးပြဆိုချက်တွင် ဒက္ခိဏာယဉ်နှင့် ဥတ္တရာယဉ်ဟူ၍ရှိရာ ပြာသိုလပြည့်ကျော်တစ်ရက်နေ့မှ ဝါဆိုလပြည့်တိုင် ဥတ္တရာယဉ်ဖြစ်၍ ဓာတ်တက်အောင်စေသော ဥတု၊ ပြင်းထန်သော ကာလဟု ဆိုသည်။ သူရိယနေမင်းနှင့်တကွ အလုံးစုံသောလောကတို့သည် အကန့်တကာ်ကြကန်၏ဟု ဓာတုဝိနိစ္ဆယရူပကဏ္ဍကျမ်းတွင် ဆိုသည်။

"နွေဥတုကို ဓာတ်ညီတက်ရှောင်း၊ မိုးနှင့်ဆောင်းမှု ဓာတ်ပေါင်းသက်၏"ဟု အဆိုရှိသည်။ ဆေးကုသော ဆရာတို့သည် ဥတုသဘောကိုလိုက်၍ကုတတ်မှ လူနာချမ်းသာမည်။ "ရာသီမပိုင် ဆေးမကိုင်နှင့်"ဟု ရှေးဆရာတို့ဆိုသည်။ ပူပြင်းမှုဖြင့်တက်လာသော နွေလယ်တွင် ပို၍သတိဖြုရမည်ဟုဆိုသည်။ ဆေးကုသည့်ဆရာတို့အတွက် "နွေလယ်၊ မိုးလယ်၊ ဆောင်းလယ်ဝေမှန်ကဆန်၊ တော်သလင်း၊ ပြာသိုတင်းက ဆေးမကုလို၊ ခက်သည်ဆို၏" ဟု ကျမ်းတွင်ဖော်ပြထားသည်။

အပူဒဏ်ကြောင့် ပထမအဆင့်တွင် ကိုယ်အပူချိန်တက်ခြင်း(ဖျားခြင်း)၊ ဒုတိယအဆင့်တွင် သတိလစ်ခြင်း (စကားမေးမရခြင်း)၊ တတိယအဆင့်တွင် ဦးနှောက်သွေးကြောပေါက်ခြင်း(လေဖြတ်ခြင်း)တို့ အဆင့်ဆင့်ဖြစ်နိုင်သည်။ ပထမအဆင့်တွင် ကယ်တင်နိုင်လျှင် ဒုတိယအဆင့်မရောက်၊ ဒုတိယအဆင့်တွင် ကယ်တင်နိုင်လျှင် တတိယအဆင့်သို့ မရောက်နိုင်ပါ။ ဆေးရုံနှင့်နီးသော မြို့ကြီးများတွင် အပူလျှပ်ခြင်း (Heat Stroke) ကုရန် အရေးပေါ်ဌာနများဖွင့်ထားလျှင် အလျင်အမြန်ပို့ပေးရန် လိုသည်။

ပူပြင်းသောဥတုတွင် အပြင်သို့ မထွက်သော်လည်း ပူစပ်သောအစာများ စားခြင်းကြောင့်လည်း အပူရှိန်တက်တတ်သည်။ အရက်သေစာသောက်စားသူများသည် မရှောင်နိုင်လျှင် နေ့လယ်၊ ညနေစောင်း နေပူရှိန်ပြင်းနေချိန်တွင် မသောက်သင့်ပါ။ ရက်လွန်ချက်ပြုတ်ထားသောဟင်းကို မစားသင့်။ အပူကိုဆန့်ကျင်ပြီး ကန့်ထုတ်နိုင်သည့် ရေခဲရေ၊ အလွန်အေးသောရေကို မသောက်သင့်ပါ။

အစားအသောက်များတွင် အပူစာ၊ အအေးစာဟု ရှိသကဲ့သို့ တိုင်းရင်းခြိမ်မာဆေးများတွင်လည်း အပူဆေး၊ အအေးဆေးများရှိသည်။ အပူစာနှင့် အအေးစာကို မြန်မာလူမျိုးအတော်များများက သိကြပါသည်။ ယခုရာသီတွင် အပူစာများကို ရှောင်ကြဉ်ပြီး ဆေးဝါးသောက်သုံးရာတွင်လည်း အပူဆေးများကို ရှောင်ကြဉ်သင့်ပါသည်။ အပူနှင့်အအေးဆန့်ကျင်သော အပြုအမူများဖြစ်သည့် ရေချိုးခြင်း၊ ခြေဆေးခြင်းတို့ကိုလည်း နေပူထဲမှ ပြန်လာပြီးလျှင် မပြုလုပ်သင့်ပေ။

အပူရှပ်ခြင်းဆိုသည်မှာ ပြင်းထန်သော အပူဒဏ် (နေပူဒဏ်)နှင့် ထိတွေ့ပြီး အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်သွေးကြောများအတွင်းသို့ အပူဓာတ်လွန်ကဲစွာ ရောက်သွားပြီး ဖျားလာခြင်း။ ထို့နောက် ဦးနှောက်သွေးကြောပေါက်ကာ သတိလစ်ခြင်း၊ ဦးနှောက်အတွင်း သွေးယိုစိမ့်မှုကြောင့် လေဖြတ်ပြီး ခန္ဓာကိုယ်တစ်ခြမ်း (သို့မဟုတ်)တစ်စိတ်တစ်ဒေသ မလှုပ်ရှားနိုင်တော့ခြင်း၊ စကားပီသအောင် မပြောနိုင်ခြင်း (သို့မဟုတ်) စကားလုံးဝမပြောနိုင်တော့ခြင်းဖြစ်ရပ်များ ဆက်တိုက်ဆိုသလို ဖြစ်ပွားခြင်းကိုခေါ်သည်။

အပူရှပ်၍ လေဖြတ်ခြင်းသည် အောက်ပါအတိုင်း နှစ်မျိုးရှိနိုင်ပါသည်။

(က) နေပူထဲမှပြန်လာပြီး အအေးထဲသို့ ဝင်ရောက်ခြင်း၊ ရေအေးသောက်ခြင်း၊ ရေချိုးခြင်းများ ပြုလုပ်မိခြင်း၊

(ခ) အအေးခန်းအတွင်းနေထိုင်ရာမှ ရုတ်တရက် ပူပြင်းသောနေရောင်အောက်သို့ထွက်ခြင်း၊ (ဥပမာ- အဲယားကွန်းကားစီးပြီး ဆင်းလိုက်သောအခါ ပူပြင်းသော နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း)။

အပူအအေးဝိရောဓိဖြစ်ခြင်းဟုခေါ်သော ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့် ခန္ဓာကိုယ်တွင်း သွေးစီးကြောင်းများတွင် သွေးကြောများ ရုတ်ခြည်းပြောင်းလဲမှုဒဏ်ကို မခံနိုင်တော့ဘဲ သွေးကြောကြီးများ အက်ကွဲခြင်း၊ သွေးကြောငယ်လေးများ ပြတ်ထွက်ခြင်းဖြစ်နိုင်ပေသည်။ အသက်ကြီးသောသူများတွင် ပို၍ဖြစ်ရခြင်းမှာ သူတို့၏ သွေးကြောများမှာ ဟောင်းနွမ်းပြီးမာဆတ်မှုကြောင့် ပျော့ကျယ်ခြင်း၊ အေး၍ကျုံ့ခြင်းဒဏ်ကို မခံနိုင်ခြင်းဖြစ်သည်။ ပလတ်စတစ်ပိုက်များ ဟောင်းနွမ်းသောအခါ မာ၍ကြွတ်ဆတ်ပြီး ကွဲလွယ်ပေါက်လွယ်သည့် သဘောပင်ဖြစ်သည်။

လူကြီးများတွင်သာမက လူငယ်နှင့်လူလတ်ပိုင်းများတွင်လည်း Heat Stroke ကြောင့် သတိလစ်ခြင်း၊ အဖျားကြီး၍ တက်ခြင်း၊ ဖျားပြီး ဦးနှောက်အမြှေးရောင်ခြင်း၊ အဖျားကြီးလွန်း၍ အတွင်းသွေးကြောများပေါက်ခြင်း၊ ဦးနှောက်သွေးကြောငယ်များ ပေါက်ခြင်းတို့ ဖြစ်နိုင်စေသည်။

လွန်ခဲ့သောရက်ပိုင်းအတွင်းကပင် အသက် ၂၁ နှစ်အရွယ်လူငယ်တစ်ဦးမှာ နေပူပြင်းချိန် အပြင်မှပြန်လာပြီး အိမ်ရောက်သောအခါ ရေသန့်ဘူးကို ရေခဲသေတ္တာအတွင်းမှ ယူသောက်ပြီး ခဏအကြာတွင် နှုတ်ခမ်းများ ပြာနှမ်းလာပြီး စကားမေးမရဖြစ်ကာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်းနှင့် မိသားစုက "သူသောက်ခဲ့တဲ့ရေကိုစစ်ကြည့်တော့ ရိုးရိုးသောက်ရေဘူးပါ။ အလောင်းကို ဆေးရုံသို့ပို့ပြီး ရင်ခွဲစစ်ဆေးချက်အရ ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးတာလို့ ဆရာဝန်က အတည်ပြုပါတယ်" ဟုဆိုသည်။ ထို့ကြောင့် အသက်ကြီးသူများသာမက လူငယ်များပါ သတိမထားလျှင် Heat Stroke ကြောင့် ရုတ်တရက် အသက်ဆုံးရှုံးနိုင်သည်ကို သတိပြုဖို့လိုသည်။

အပူရှပ်၍ လေဖြတ်ခြင်း Heat Stroke မဖြစ်စေရန် အောက်ပါအချက်များကို ဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) နေပူပြင်းချိန်တွင် အပြင်မထွက်ပါနှင့်၊ မလွှဲမရှောင်သာ၍ ထွက်ရလျှင် လုံခြုံသော အဆောင်း၊ အကာ၊ ထီး၊ ဦးထုပ်ပါမိုလိုသည်။

(ခ) စောင့်ဆိုင်းရသောအလုပ်ဖြစ်လျှင် သစ်ပင်အရိပ်၊ အဆောက်အအုံအရိပ်၊ အမိုးအကာ အောက်မှစောင့်ပါ။

(ဂ) ရေငတ်လျှင် ရိုးရိုးရေသောက်ပါ၊ ရေခဲရေ မသောက်ပါနှင့်။

(ဃ) အဲကွန်းကားစီးသွားပြီး လိုရာရောက်၍ နေပူရှိန်ပြင်းသောနေရာတွင် ဆင်းရမည်ဆိုလျှင် မဆင်းမီက ကြိုတင်၍ ရေသောက်ထားပါ။ အစာအိမ်အတွင်း ရေရှိလျှင် သွေးကြောများက ရေကိုစုပ်ယူထားသဖြင့် တော်ရုံအပူဒဏ်ကို ခံနိုင်သည်။

(င) နေပူထဲမှပြန်လာပြီးလျှင် ရေခဲရေ (လုံးဝ) မသောက်ပါနှင့်၊ ရေမချိုးပါနှင့်၊ မျက်နှာမသစ်ပါနှင့်၊ ခြေထောက်မဆေးပါနှင့်။

(စ) ရေနွေးကြမ်းတွင် ဆားလော်အနည်းငယ်ခပ်သောက်ခြင်းသည် ရှေးလူကြီးများ၏ အပူဒဏ်ကာကွယ်နည်းဖြစ်ပါသည်။

ကြည်လွင်မြင့် (မုဒြာ)

**လွန်ခဲ့သောရက်ပိုင်းအတွင်းကပင် အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးမှာ နေပူပြင်းချိန် အပြင်မှပြန်လာပြီး အိမ်ရောက်သောအခါ ရေသန့်ဘူးကို ရေခဲသေတ္တာအတွင်းမှ ယူသောက်ပြီး ခဏအကြာတွင် နှုတ်ခမ်းများပြာနှမ်းလာပြီး စကားမေးမရဖြစ်ကာ ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း...**

# ယခုရက်ပိုင်းအတွင်း ပုပ္ပားတောင်ကလပ်သို့ ဘုရားဖူးလာရောက်သူ ပိုများလာ

**ကျောက်ပန်းတောင်း မတ် ၄**

ယခုအချိန်သည် မုလတန်းအဆင့်မှ နဝမတန်းအထိ စာမေးပွဲများဖြေဆိုပြီးချိန်ဖြစ်၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပုပ္ပားတောင်ကလပ်ဘုရားသို့ ယခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်ကြသူများ တစ်နေ့ထက်တစ်နေ့များပြားလာလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးအလာများသဖြင့် ဘုရားအနီးရှိ စျေးဆိုင်ခန်းများနှင့် ခေါင်းရွက်ဗျက်ထိုး ဘုရားပန်းရောင်းချသည့်သူများမှာ စျေးရောင်းကောင်းကာ နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေနေကြကြောင်း ပုပ္ပားတောင်ကလပ် ဘုရားအနီးရှိ ဒေသခံအချို့က ပြောသည်။



ပုပ္ပားတောင်ကလပ် ဘုရားအောက်ခြေတွင် စားသောက်ဆိုင်ဖွင့်ထားသည့် ဒေသခံတစ်ဦးက "ကျွန်မတို့ ပုပ္ပားတောင်ကလပ်ဘုရားကို အခုရက်ပိုင်းအတွင်း ဘုရားဖူးလာရောက်တဲ့သူ တစ်ရက်တစ်ရက် ပိုများလာပါတယ်။ ဘုရားဖူးလာရောက်ကြတဲ့ သူတွေကလည်း ညအိပ်ရပ်နားပြီး ညပိုင်းကျမှ ပုပ္ပားတောင်ကလပ်ပေါ်တက်ပြီး အေးအေးဆေးဆေး ဘုရားဖူးတက်ကြပါတယ်။ အခုရက်ပိုင်းအတွင်း ဘုရားဖူးလာတဲ့သူများနေတဲ့အတွက် ကျွန်မတို့ဆိုင်တွေရယ်၊ နောက်ပြီး ပုပ္ပားအမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေရယ်၊ ဘုရားပန်းရောင်းချတဲ့စျေးသည်တွေ အားလုံး စျေးရောင်းရလို့ အဆင်ပြေနေပါတယ်"ဟု ပြောသည်။

လက်ရှိအချိန်တွင် ဘုရားဖူးလာသူများနေသကဲ့သို့ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးချိန်တွင် ဘုရားဖူးလာသူ ယခုထက်ပို၍ များနိုင်ပြီး စျေးရောင်းသူများအနေဖြင့် ပို၍အဆင်ပြေမည်ဟု တောင်ခြေမှ စျေးရောင်းသူများက မျှော်လင့်လျက်ရှိသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

---

# ဘိန်းစိုက်ပျိုးမှု တားဆီးနှိမ်နင်းရေးဆောင်ရွက်မှုကြောင့် ဟိုပုံးမြို့နယ်အတွင်း ဘိန်းခင်း၆၅ ဒသမ ၅ ဧက ဖျက်ဆီး

**ဟိုပုံး မတ် ၄**

မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် နှစ်တို/နှစ်ရှည်စီမံကိန်းများချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘိန်းခင်းစိုက်ပျိုးမှုများ ပပျောက်ရေး၊ ပြည်သူလူထုအား အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်း ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာများ၌ ရေသွင်းစိုက်ပျိုးထားသည့် ဘိန်းခင်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၂၃ ရက်၌ စတင်ဖျက်ဆီးခဲ့ရာ ဘိန်းခင်းဧက ၆၅ ဒသမ ၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

ယခင်က ကျေးရွာအုပ်စု ခြောက်အုပ်စုအတွင်းရှိ ဘိန်းစိုက်ပျိုးသည့်ကျေးရွာများကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှစတင်၍ ဘိန်းခင်းများဖျက်ဆီးရာ ယခုနှစ်တွင် ဘိန်းခင်းဧက စုစုပေါင်း ၃၈၇၇ ဧက ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

---

# အယ်နီညိုအကျိုးသက်ရောက်မှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဘီးလင်း မတ် ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အယ်နီညိုအကျိုးသက်ရောက်မှုများအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ မတ် ၁ ရက်က ကျင်းပခဲ့သည်။ ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမောင်မောင်က အမှာစကားပြောကြားပြီး အယ်နီညိုအကျိုးသက်ရောက်မှုနှင့် သတိပြုဖွယ်ရာများစသည့် အကြောင်းအရာများကို မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်မိုးလေဝသဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မန်စီးတီးနဲ့အပြိုင် အမှတ်တူဦးဆောင်လာတဲ့ မန်ယူ

ယခုသတင်းပတ် ပရီမီယာလိဂ်ထိပ်သီးတွေဖြစ်တဲ့ အာဆင်နယ်၊ မန်စီးတီးနဲ့ စပါးတို့ ရှုံးပွဲကြုံတွေ့နေချိန်မှာ ဗန်ဟားလ်ရဲ့ မန်ယူကတော့ မာတာရဲ့ တစ်လုံးတည်းသော အနိုင်ဂိုးနဲ့ ရမှတ်သုံးမှတ်ကို သိမ်းပိုက်နိုင်ခဲ့ပြီး မန်စီးတီးနဲ့အတူ အမှတ်တူဦးဆောင်လာတာတွေ့ရပါတယ်။ မန်ယူနဲ့ မန်စီးတီးတို့ဟာ ချန်ပီယံလိဂ်နေရာအတွက် အားပြိုင်လာပြီး ရမှတ် ၄၇ မှတ်စီနဲ့ အပြိုင်ဦးဆောင်လာတာတွေ့ရပါတယ်။ မန်ယူက နိုဝင်ဘာလအတွင်းကလည်း ဝက်ဖို့ဒ်ကိုအနိုင်ယူခဲ့တာပါ။ ဒီအတွက်ကြောင့်လည်း ပွဲမစမီကပင် ဝက်ဖို့ဒ်ကို အနိုင်ယူဖို့ ကြိုးစားခဲ့တာပါ။ သို့ပေမယ့် ပြိုင်ပွဲမှာ အကြိတ်အနယ်ကစားပြီးမှ ပွဲချိန် ၈၃ မိနစ်မှာ အသင်းခေါင်းဆောင် မာတာက သွင်းယူခဲ့တဲ့အတွက် ဗန်ဟားလ်ရဲ့ မျှော်လင့်ချက်အတိုင်း ဖြစ်လာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် အခြားအသင်းကြီးတွေ ရှုံးနိမ့်ချိန်မှာ မန်ယူတို့အနိုင်ပွဲရလိုက်တဲ့အတွက် အတော်လေးကံကောင်းတယ်လို့ ဆိုရမှာဖြစ်ပါတယ်။



## ကိုပါအီတာလီယာဗိုလ်လုပွဲတက်သွားတဲ့ ဂျူဗင်တပ်စ်

လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်အသင်းဟာ အင်တာမိလန်အသင်းကို ပယ်နယ်တီ ငါးဂိုး-သုံးဂိုးနဲ့နိုင်ပြီး ကိုပါအီတာလီယာဗိုလ်လုပွဲတက်ရောက်သွားနိုင်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်နဲ့ အင်တာမိလန်အသင်းတို့ဟာ ပထမအကျော့မှာ ဂျူဗင်တပ်စ်က သုံးဂိုးဖြတ်နဲ့နိုင်ပြီး ဒုတိယအကျော့မှာ အင်တာမိလန်က သုံးဂိုးပြတ်နဲ့ အနိုင်ရလိုက်လို့ ပယ်နယ်တီကစားရာမှာ ဂျူဗင်တပ်စ်ကနိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့တာပါ။ ဒီအတွက်ကြောင့် ဂျူဗင်တပ်စ်အသင်းဟာ မေလမှာ ကစားမယ့် ဗိုလ်လုပွဲမှာ အေစီမိလန်အသင်းနဲ့ကစားရမှာ ဖြစ်ပါတယ်။ အေစီမိလန်အသင်းကတော့ ကိုပါအီတာလီယာ အကြိုဗိုလ်လုပွဲမှာ တတိယတန်းအသင်းဖြစ်တဲ့ အလက်ဇန်းဒီးယားအသင်းကို နှစ်ကျော့ပေါင်းခြောက်ဂိုးပြတ်နဲ့ အနိုင်ရပြီး ဗိုလ်လုပွဲရောက်ခဲ့ပါတယ်။ ဂျူဗင်တပ်စ်နဲ့ အေစီမီလန်အသင်းတို့ရဲ့ ကိုပါအီတာလီယာဖလား ဗိုလ်လုပွဲဟာ တကယ့်အကောင်းဆုံးပြိုင်ပွဲတစ်ပွဲပါပဲ။



# ပြိုင်ဆိုင်မှုပြင်းထန်ဦးမယ့် လီဂူး-၁ ပွဲစဉ်(၂၈)



**ပြင်သစ်မြေက လီဂူး-၁ ပွဲစဉ်(၂၈)ကို ဒီတစ်ပတ် တနင်္ဂနွေဖြစ်တဲ့ မတ် ၆ ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ တန်းစီဇယား တတိယနေရာက နိုက်စ်၊ ပဥ္စမနေရာ စိန့်အီတင်း၊ ဆဋ္ဌမနေရာမှာ ရပ်တည်နေတဲ့ လိုင်ယွန်တို့ရဲ့ အားထုတ်မှုတွေကို စောင့်ကြည့်အကဲခတ်ရမှာဖြစ်ပါတယ်။ တန်းစီဇယားအပြောင်းအလဲဖြစ်သွားနိုင်တဲ့ ပွဲရလဒ်တွေထဲမှာ ဘယ်အသင်းတွေ အောင်ပွဲနဲ့အတူ ကျော်ဖြတ်သွားမလဲဆိုတာ ရင်ခုန်စွာနဲ့ အားပေးရတော့မှာဖြစ်ပါတယ်။**

**မိုးမြင့် လင်းလက်**

### လိုင်လီနှင့် ရမ်းစ်

တန်းဆင်းဇုန်ထဲမကျဆင်းအောင် အားထုတ်ရမယ့် ရမ်းစ်ဟာ ဒီပွဲကို အဝေးကွင်းမှာကစားရပေမယ့် အမှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ လိုင်လီတို့ကတော့ အိမ်ကွင်းမှာ ခြေစွမ်းကောင်းပြသနိုင်တဲ့ အသင်းဖြစ်ပြီး ရမ်းစ်အသင်းကိုအိမ်ကွင်းမှာ ဂိုးပြတ်သွင်း အနိုင်ယူထားဖူးပါတယ်။ လိုင်လီရဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ကြိုးစားမှုက အခုပွဲရဲ့ သုံးမှတ်ကို အပြည့်ရယူကာ အောင်ပွဲခံသွားမယ်လို့ ယုံကြည်ပါတယ်။

### အန်ဂါးစ်နှင့် စိန့်အီတင်း

စိန့်အီတင်းတို့က အဝေးကွင်းမှာ ရှုံးပွဲများတတ်ပြီး တိုက်စစ်မျိုးတွေကလည်း ဂိုးသွင်းစွမ်းရည်ကျဆင်းတတ်ပါတယ်။ ဒါ့အပြင် ခံစစ်မျိုးတွေကလည်း အမှားအယွင်းတွေရှိနေတတ်တာကြောင့် ဒီပွဲမှာ မျှော်လင့်ချက်များများထားလို့ မရနိုင်ပါဘူး။ အန်ဂါးစ်တို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲရအောင် ကစားတတ်သလို အမှတ်ရအောင်လည်း ယူနိုင်စွမ်းရှိတာမို့ စိန့်အီတင်းတို့ သာမန်အားထုတ်မှုမျိုးနဲ့ မရနိုင်ပါဘူး။ အန်ဂါးစ်နဲ့ စိန့်အီတင်းတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှုရလဒ်တွေကိုကြည့်ရင် စိန့်အီတင်းက တစ်ပွဲနိုင်ပြီး နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒါပေမယ့် အန်ဂါးစ်အသင်းဟာ စိန့်အီတင်းကို အနိုင်မရခဲ့တာ နှစ်ပေါင်း ၄၀ နီးပါးရှိနေပြီဖြစ်တာမို့ ငယ်နိုင်လိုဖြစ်နေတဲ့ အန်ဂါးစ်ကို စိန့်အီတင်းတို့ အနိမ့်ဆုံး သရေကစားပြီး အနိုင်ရလဒ်အတွက် သိမ်းပိုက်ဖို့ ခြေစွမ်းရှိနေတာ အမှန်ပါပဲ။

### ဘော်ဒိုးနှင့် ဂါဇီလက်

တန်းဆင်းဇုန်ထဲက ဂါဇီလက်တို့ရဲ့ ရန်းကန်အားက အဝေးကွင်း ဆိုပေမယ့် ဒီပွဲကို သုံးမှတ်အဖြည့်ရယူရေး စွမ်းဆောင်ပါလိမ့်မယ်။ ဘော်ဒိုးရဲ့ ခြေစွမ်းကလည်း အကောင်းဆုံးပုံစံပြန်ရဖို့ ဦးတည်နေတာမို့ နှစ်သင်းစလုံး ခြေကုန်ဖွင့် ကစားကြမယ့်အနေအထားပါပဲ။ ဘော်ဒိုးတိုက်စစ်မျိုးတွေက အိမ်ကွင်းမှာဆိုရင် ဂိုးသွင်းစွမ်းရည်ကောင်းမွန်တတ်တဲ့အပြင် ခံစစ်ကြောင်းကလည်း အတိမ်းအစောင်းမရှိအောင် ထိန်းချုပ်နိုင်စွမ်းရှိပါတယ်။ ဂါဇီလက်ရဲ့ ခံစစ်မျိုးတွေက အဝေးကွင်းမှာကစားတိုင်း စိုးရိမ်စိတ်များတတ်ပြီး အမှားအယွင်းပြစ်တတ်တာမို့ ဒီပွဲမှာ ဘော်ဒိုးတိုက်စစ်မျိုးတွေရဲ့ ဖြတ်ကျော်ဂိုးသွင်းမှုတွေကို ခွင့်ပြုရကိန်းဆိုက်သွားနိုင်ပါတယ်။ အနိုင်ဆိုတာ အိမ်ရှင်တို့အတွက် ဖြစ်သွားပါလိမ့်မယ်။

### နိုက်စ်နှင့် ထရိုရက်စ်

ဒီနှစ်သင်းရဲ့ လီဂူး-၁ ပွဲစဉ်တွေမှာ တွေ့ဆုံခဲ့မှုသမိုင်းကိုကြည့်ရင် နိုက်စ်တို့က ၁၂ ပွဲနိုင်ပြီး ထရိုရက်စ်တို့က လေးပွဲနိုင်ကာ ကိုးပွဲသရေဖြစ်ထားပါတယ်။ နိုက်စ်နဲ့ ထရိုရက်စ်တို့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင်လည်း နိုက်စ်က တစ်ပွဲနိုင်ပြီး သရေနှစ်ပွဲဖြစ်ထားတာမို့ ဒီပွဲမှာ အိမ်ရှင်တို့ ပြတ်သားတဲ့ ရလဒ်ကို ဖော်ထုတ်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက် တိုက်ပွဲဝင်နေတဲ့ နိုက်စ်တို့က ဒီပွဲကိုမဖြစ်မနေ အနိုင်ကစားပြီး အမှတ်ဖြည့်ရရှိရေး ခြေကုန်ထုတ်ကစားပါလိမ့်မယ်။ ထရိုရက်စ်ရဲ့ ရပိုင်ခွင့်က အမြင့်ဆုံးတစ်မှတ်ထက်မပိုနိုင်ပါဘူး။

### ဘက်စ်တီယာနှင့် လိုရီယန့်

တန်းစီဇယားအထက်အောက် ရပ်တည်နေကြတဲ့ အသင်းတွေဖြစ်ပြီး လက်ရှိခြေစွမ်းပိုင်းကလည်း ကွာဟမှုမရှိပါဘူး။ ဘက်စ်တီယာတို့က အိမ်ကွင်းမှာဆိုရင် နိုင်ပွဲတွေရရှိအောင် အားထုတ်နိုင်ပြီး သရေပွဲမရှိအောင် ကြိုးစားထားနိုင်ပါတယ်။ ဘက်စ်တီယာရဲ့ အားသာချက်က ခံစစ်ပိုင်းဖြစ်ပြီး အတိမ်းအစောင်း အမှားအယွင်းမရှိအောင် ကစားနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဒါ့အပြင် ပြိုင်ဘက်တိုက်စစ်မျိုးတွေကို ကောင်းကောင်းထိန်းချုပ်နိုင်စွမ်းရှိတာမို့ အခုပွဲမှာလည်း ဘက်စ်တီယာတို့ရဲ့ တိုက်စစ်၊ ခံစစ်စွမ်းရည်တွေကို အကောင်းဆုံး ထုတ်ပြနိုင်ပါလိမ့်မယ်။ လိုရီယန့်တို့က အဝေးကွင်းဆိုရင် ရလဒ်မကောင်းတတ်သလို စွမ်းဆောင်ရည်လည်း ကျဆင်းတတ်တာမို့ ဒီပွဲဟာ အိမ်ရှင်ရဲ့နိုင်ပွဲလို့ သတ်မှတ်ပြီး အားပေးရမှာဖြစ်ပါတယ်။ ။

## မြောက်လန်ဒန်ဒါဘီပွဲနဲ့ လွဲချော်နိုင်တဲ့ ပီတာချက်



အာဆင်နယ်အသင်းအနေနဲ့ စပါးနဲ့ကစားရမယ့် အဓိကပြိုင်ပွဲတစ်ပွဲဖြစ်တဲ့ မြောက်လန်ဒန်ဒါဘီပွဲမှာ ဝါရင့်ဂိုးသမား ပီတာချက်ဟာ ဆွမ်ဆီးကို နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်သွားတဲ့ပွဲမှာ ခြေသလုံးကြွက်သားအနာတရဖြစ်သွားတဲ့အတွက် စပါးနဲ့ ကစားမယ့်ပွဲမှာ ပါဝင်နိုင်မှာ မဟုတ်ဘူးလို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ ဒီပွဲဟာ အာဆင်နယ်အတွက် အရေးကြီးတဲ့ပွဲတစ်ပွဲပြစ်ပါတယ်။ အာဆင်နယ်ရဲ့ ဖလားလုပြိုင်ပွဲတွေထဲက တစ်ပွဲပြစ်ပါတယ်။

သို့ပေမယ့် ဆွမ်ဆီးကို မထင်မှတ်ဘဲရှုံးနိမ့်သွားတဲ့အတွက် အာဆင်နယ်အတွက် အဓိကရမှတ် သုံးမှတ်ဆုံးရှုံးသွားခဲ့တာပါ။ မတ် ၅ ရက်မှာ စပါးအိမ်ကွင်းမှာ ကစားမယ့် ဒီပွဲဟာ နည်းပြဝင်းဂါးအတွက်တော့ အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။ ပီတာချက်ဟာ အဓိက အားထားရတဲ့ ဂိုးသမားပြစ်ပါတယ်။ အာဆင်နယ် ဒုတိယဂိုးသမားဖြစ်တဲ့ ဒေးဗစ်အိုရီနားကို ခေါ်ယူထားရပါတယ်။ ပီတာချက်ဟာ ချယ်လ်ဆီးအသင်းမှ ဖြောင်းလာပြီးနောက် အာဆင်နယ်အသင်းရဲ့ အဓိကဂိုးသမားနေရာမှာ ကစားနေသူဖြစ်ပါတယ်။

ကောင်းမြတ်သူ – စုစည်းသည်။

# ခြင်းတောင်းရက်လုပ်သူများ လုပ်ငန်းကောင်းသော်လည်း ကုန်ကြမ်းရှားပါးနေ

**ရေး မတ် ၄**

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းရွာဟောင်းအုပ်စု ကျောက်မိချောင်းမြောက်ပိုင်းကျေးရွာ၌ မိရိုးဖလာလုပ်ငန်းဖြစ်သော ဝါးကုန်ကြမ်းမှတစ်ဆင့် ဆိုင်ကယ်တင်တွဲဆိုင်းခြင်းတောင်းများကို ရက်လုပ်သူများမှာ ရောင်းအားကောင်းသော်လည်း ဝါးကုန်ကြမ်းရှားပါးသဖြင့် လိုအပ်သလောက် ပြုလုပ်ရန်အခက်အခဲရှိနေကြောင်း သိရသည်။



မြင်းတောင်း တစ်ခုရက်လုပ်ရာတွင် ကုန်ကြမ်းအဖြစ် ခြင်းတစ်ခြင်းစာအတွက် ဝါးနက်ဝါးအမျိုးအစားနှစ်လုံး၊ ကြိမ်ပါကင်ကြိုး၊ တာယာကြိုးအနည်းငယ်စီကို သုံးရကြောင်း၊ ခြင်းတောင်းတစ်ခုအတွက် လုပ်အားခအပါအဝင်ကုန်ကျစရိတ် ၈၅၀၀ ကျပ်ရှိကြောင်း၊ ခြင်းတောင်းရက်လုပ်ခြင်းဖြင့် မိသားစုအတွက် အပိုဝင်ငွေရရှိကြောင်း တစ်ပိုင်တစ်နိုင် ခြင်းတောင်းရက်လုပ်သူ ဦးထွန်းထွန်းဦးက ပြောသည်။

“ကျွမ်းကျင်ရက်လုပ်နိုင်သူ တစ်ဦးက တစ်နေ့လုံးမှ ခြင်းတောင်းတစ်ခြင်းလောက်သာ ရက်လုပ်နိုင်ပါတယ်။ ဝါးကုန်ကြမ်းက အမြဲတမ်းဝယ်ယူရတာ အခက်အခဲရှိနေပါတယ်။ မိုးဦးကျအချိန်အခါ နီးလာတိုင်းမှာ တစ်ဆင့်ပြန်လည်ရောင်းချသူတွေက ကြိုတင်မှာယူကြရာမှာ ဝါးကုန်ကြမ်းရှားပါးလာလို့ မြင်းတောင်းတွေ လိုအပ်သလောက်မရတာနဲ့ ကြုံရပါတယ်”ဟု ၎င်းက ဆက်ပြောသည်။

အဆိုပါကျေးရွာတွင် ဆိုင်ကယ်တင်တွဲဆိုင်းခြင်းတောင်း ရက်လုပ်သူများမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်ကပင် စတင်လုပ်ကိုင်ခဲ့ကြခြင်းဖြစ်ပြီး ယနေ့အချိန်အထိ တစ်ပိုင်တစ်နိုင်ရက်သူ ၁၅ ဦးခန့်ရှိသည်။ ခြင်းတောင်းများကို ဒေသထွက်ကုန် ရာသီပေါ်သီးနှံများနှင့် တစ်ပိုင်တစ်နိုင်ပစ္စည်းများ ဆိုင်ကယ်ပေါ်တင်၍ သယ်ဆောင်ရာတွင် အသုံးပြုကြပြီး ဝယ်ယူသုံးစွဲသူများသဖြင့် ရေးမြို့နယ် ဈေးကွက်အတွင်း မြင်းတောင်းတစ်လုံးလျှင် ကျပ် ၁၂၀၀၀ မှ ၁၅၀၀၀ ကျပ်အထိ ဈေးရရှိကြကာ သံဖြူဇရပ်၊ မုဒုံနှင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေသများအထိပါ တင်ပို့ရောင်းချနေရကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

# ရွှေအင်းတောင်စေတီတော်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်

**တောင်တွင်းကြီး မတ် ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ ရေဟောင်းသမိုင်းဝင်ဇေယျမင်္ဂလာ ရွှေအင်းတောင်စေတီတော်ပြတ်ကြီး၏ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။

စိန်ဖူးတော်တင်လှူပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ အလှူရှင်ပြည်သူများက ဆရာတော်ကြီးများထံမှ သီလခံယူဆောက်တည်ကြကာ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ စိန်ပန်းခိုင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ဟင်္သာမင်းနှင့် ဆတ်သွားဖူးတော်တို့ကို ပင့်ဆောင်၍ ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များကို တင်လှူပူဇော်ခဲ့ကြသည်။ **(၀၈၅)**

# မြေပဲအထွက်နှုန်းကောင်း၍ တောင်သူများအဆင်ပြေ

**ကျွန်းလှ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်အတွင်း ယခုနှစ်တွင် မိုးနှောင်းကောင်းခြင်း၊ နှင်းအားကောင်းခြင်းတို့ကြောင့် စိုက်ပျိုးထားသော ဆောင်းမြေပဲများ အထွက်နှုန်းကောင်းပြီး တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ဒေသမှာ မိုးမြေပဲ ဆောင်းမြေပဲတို့ကို မြေရှိရင်ရှိသလို စိုက်ပျိုးကြပါတယ်။ တစ်ဧမျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး ထွန်ရည်းခ၊ ပေါင်းသင်ခ၊ နုတ်ခ၊ မြေဩဇာဖိုး၊ ဆေးဖိုးအပါအဝင် ကျပ် ၁၃၀၀၀၀ ကျော် ကုန်ကျပါတယ်။ မြေပဲကိုဆီကြိတ်ပြီး ဆီတစ်ပုံးကို ကျပ် ၄၅၀၀၀ ရောင်းရလို့ တစ်ဧက ကျပ် ၁၄၀၀၀၀ လောက်ရတဲ့အပြင် မြေပဲရိုးကိုလည်း နွားစာအဖြစ်အသုံးပြုနိုင်လို့ စိုက်ပျိုးသင့်ပါတယ်”ဟု တောင်သူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများမှာ မိုးကောင်းသောက်မြစ်ပြီး တောင်သူများမှာ စပါးနှင့် ယာသီးနှံများဖြစ်သည့် နှမ်း၊ ပြောင်း၊ ပဲမျိုးစုံ၊ ပဲစင်းငုံနှင့် မြေပဲများကို ရာသီအလိုက်စိုက်ပျိုးကြကြောင်း၊ ဆောင်းမြေပဲကို တန်ဆောင်မုန်းလဆန်းပိုင်းတွင် စိုက်ကြပြီး တပို့တွဲလတွင် နုတ်ယူဆွတ်ခူးကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# အသက် ၁၇ နှစ်အောက် ရေကူးပြိုင်ပွဲ သုံးမြို့နယ်၌ကျင်းပ

**မြောင်းမြ မတ် ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြဧရာရေကူးကန်၌ မြောင်းမြခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနဖလား သုံးမြို့နယ် အသက် ၁၇ နှစ်အောက် ရေကူးပြိုင်ပွဲနှင့် ဆုပေးပွဲကို မတ် ၂ ရက်က ကျင်းပခဲ့သည်။



အမျိုးသား မီတာ(၅၀) ထထ်ပစ်ကူးပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။

ပြိုင်ပွဲတွင် မီတာ(၅၀) အမျိုးသား အမျိုးသမီး လက်ပစ်ကူးပြိုင်ပွဲ ၊ မီတာ(၅၀)အမျိုးသား လိပ်ပြာကူးပြိုင်ပွဲ ၊ မီတာ(၅၀) အမျိုးသား ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ(၅၀) အမျိုးသား အမျိုးသမီး လက်ပစ်ကူးပြိုင်ပွဲ၊ မီတာ(၁၅၀) အမျိုးသား တစ်ဦးချင်း သုံးမျိုးစုံကူးပြိုင်ပွဲနှင့် မီတာ ၂၀၀ အမျိုးသား အမျိုးသမီး လက်ဆင့်ကမ်းကူးပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပခဲ့ကာ ဆုရရှိသူများအား မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမောင်မောင်ညို ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ခရိုင် အား/ကာ ထက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုးတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာ့အားကစား တိုးတက်အောင်မြင်ရေးနှင့် ရေကူးအားကစားနည်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ လေ့ကျင့်အောင်မြင်ရေး ၊ မျိုးဆက်သစ်ရေကူးအားကစားသမားများ ပေါ်ထွက်ရေး ရည်ရွယ်ချက်များဖြင့် ကျင်းပသော အဆိုပါ ရေကူးပြိုင်ပွဲသို့ ခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မမြို့နယ်များမှ ရေကူးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**အောင်မင်း(ဖြန့်/ဆက်)**

# ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုဆိုင်ရာ နည်းပြသင်တန်းဖွင့်

**ဘားအံ မတ် ၄**

အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား ထိတွေ့သင်ကြားရသော ဆရာ ဆရာမများအနေဖြင့် ကလေးများအား သင်ကြားရာတွင် ပိုမိုအထောက်အကူပြုနိုင်ရန်အတွက် ကလေးဗဟိုပြု ချဉ်းကပ်သင်ယူမှုဆိုင်ရာ(CCA) ပြည်နယ်နည်းပြ(ဒုတိယအဆင့်) သင်တန်းကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို မေ ၂ ရက်မှ ၅ ရက်အထိ လေးရက်ကြာ ပို့ချပြီး သင်တန်းတွင် ဘားအံပညာရေးကောလိပ်မှ နည်းပြဆရာမများက သင်ကြားပို့ချကာ ပြည်နယ်အတွင်းရှိ မြဝတီနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်များမှ ဆရာ ဆရာမ ၅၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်**

# အယ်နီညိုရာသီဥတုနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်နိုင်ရေး ဆွေးနွေး

**ချောင်းဆုံ မတ် ၄**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် အယ်နီညိုရာသီဥတုကြောင့် ပူပြင်းခြောက်သွေ့သည့်အချိန်၌ ရေရှားပါးမှုများ ဖြစ်ပေါ်လာနိုင်ပြီး မီးလောင်မှု၊ ကျန်းမာရေးနှင့် ပတ်သက်သည် ဆိုးရွားသည်အန္တရာယ်များ စသည်တို့ မကြုံတွေ့စေရေးအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ကျွန်းသာယာခန်းမ၌ မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး ကျေးရွာများ၌ သောက်သုံးရေရှားပါးမှုများ ဖြစ်ပေါ်လာပါက ဖြေရှင်းရမည်နည်းလမ်းများ၊ မီးဘေးအန္တရာယ်လုံခြုံရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာအကြောင်းများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ရမည်အချက်များကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထူးအိမ်(ဖြန့်/ဆက်)**

# မိုးအုံ့သော်လည်း ဆေးကြိုတင်ဖျန်းထား၍ သရက်ခြံများ ပျက်စီးမှုနည်းပါး

**တံတားဦး မတ် ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်အတွင်း ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ သရက်ဖျက်မိုးဟုခေါ်သည် ရက်ရည်မိုးအုံ့ခဲ့သော်လည်း သရက်ခြံများတွင် အပွင့်အရွက်ဖျန်းဆေးများကို ကြိုတင်ပက်ဖျန်းထားခြင်းကြောင့် ပျက်စီးမှုနည်းပြီး သီးကင်းတင်နှုန်း ကောင်းမွန်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မိုးအုံ့သော်လည်း အပွင့်အရွက်ဖျန်းဆေးများ ကြိုတင်ပက်ဖျန်းထားခဲ့သဖြင့် သီးကင်းတင်နှုန်းကောင်းကြောင်း၊ အချို့အခိုင်များတွင် လေးလုံးမှ ငါးလုံးအထိ တင်ပြီး၊ အချို့တွင် ခြောက်လုံးမှ ခုနစ်လုံးခန့်နှင့် အပွင့်မကြွေသေးသော ပွင့်ခိုင်များတွင် ၁၅ လုံးခန့်အထိ သီးကင်းတင်ကြောင်း တံတားဦးမြို့နယ် အိမ်ကံကျေးရွာမှ တောင်သူကြီးဦးလှမျိုးက ပြောသည်။

“ကျွန်တော့်ခြံထဲမှာ သရက်ပင်မျိုးစုံ အပင် ၅၀ နီးပါး စိုက်ပျိုးထားပါတယ်။ မိုးမအုံ့ခင် ဆေးတစ်ကြိမ်ဖျန်းထားပါတယ်။ ဒါကြောင့် ရက်ရည်မိုးအုံ့တဲ့ဒဏ်ကို ခံနိုင်တာပါ။ ဒီရက်ပိုင်းအတွင်း ကျန်တဲ့ပွင့်ခိုင်တွေ သီးကင်းအောင်ဖို့ နောက်တစ်ကြိမ် အပွင့်အရွက်ဖျန်းအားဆေး ထပ်ဖျန်းပေးမှာပါ။ ကျွန်တော့်ခြံက ခုနစ်နှစ်သားနဲ့ ၁၂ သားကြား အပင်ပျိုတွေဖြစ်လို့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်ရှိပါတယ်။ တစ်ပင်နဲ့တစ်ပင်ထိဆက်နေတဲ့ အပင်တွေမကြီးသေးတော့ လေဝင်လေထွက်လည်း ကောင်းပါတယ်။ အခုအချိန်ထိတော့ သရက်ပွဲစားတွေဆီ မရောင်းရသေးပါဘူး။ ပွဲစားတွေကလည်း စဉ့်ကိုင်၊ ကျောက်ဆည်၊ ပုသိမ်ကြီးဘက်က ခြံကြီးတွေကို သွတ်စ်တ်ကြုက် ရာဝယ်ပြီးမှ ကျွန်တော်တို့ခြံငယ်လေးတွေကို ခြေစောင့် လက်စောင့်သဘောမျိုး ထပ်ဝယ်တာပါ”ဟု ၎င်းက ဆက်၍ ရှင်းပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း တံတားဦးမြို့နယ်သည် စဉ့်ကိုင်နှင့် ကျောက်ဆည်မြို့နယ်များကဲ့သို့ သရက်ပင် ထောင်ချီရသည် သရက်ခြံကြီးများမရှိသော်လည်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးထားကြသော သရက်ခြံငယ်များရှိကြောင်း၊ အဆိုပါ သရက်ခြံငယ်များတွင် တစ်ခြံလျှင် အပင် ၂၀၊ ၃၀ မှ ၁၀၀ ခန့်အထိရှိပြီး အမျိုးအစားအနေဖြင့် လက်လှမ်းမီရာ သရက်မျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။ **အောင်မင်း(စဉ့်ကိုင်)**

## သတင်းတို

### ရန်ကုန်ဈေးကွက်သို့ကြက်သွန်ဖြူအသစ်များဝင်ရောက်

ရန်ကုန်မြို့ ကုန်စည်ဈေးကွက်သို့ ရမ်းအောင်ပန်းကြက်သွန်ဖြူအသစ်များ ဖေဖော်ဝါရီ ၂၉ ရက်က စတင်ဝင်ရောက်ခဲ့ပြီးနောက် ကြက်သွန်ဖြူဈေးနှုန်းများ အနည်းငယ်လျော့ကျလာကြောင်း သိရသည်။ ကြက်သွန်ဖြူအသစ်များသည် အရွယ်အစားပေါ် မူတည်၍ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း ဈေးနှုန်းရှိကြောင်းနှင့် ရမ်းအောင်ပန်း ကြက်သွန်ဖြူအဟောင်းများမှာမူ တစ်ပိဿာလျှင် ကျပ် ၄၀၀၀ မှ ၄၃၀၀ ကျပ်အတွင်းရှိနေကြောင်း ကြက်သွန်ဖြူ ရောင်းချနေသူများထံမှ သိရသည်။ **ခင်ဆိုင်**

# အယ်နီညိုရာသီဥတုအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အဆင်မြှင့်တင်ဆောင်ရွက်

သတင်း - တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ - ကိုကြီးတင်

၂၀၁၆ ခုနှစ်၏နှစ်ဦး နှစ်လအတွင်း မီးလောင်မှုသတင်းများကို မြန်မာနိုင်ငံအနှံ့အပြားဆီမှ နေ့စဉ်ရက်ဆက်ဆိုသကဲ့သို့ ကြားသိတွေ့မြင်နေရသည်။

၂၀၁၆ ခုနှစ်အဝင် အင်္ဂလိပ်နှစ်ကူးချိန် Happy New Year ဟု နှစ်သစ်ကို ကြိုဆိုသောလက်ခုပ်သံများ မစဲမီ မီးသတ်ယာဉ်များ၏ အချက်ပေးဥသြသံများက ရန်ကုန်မြို့တွင်းလမ်းများပေါ်မှ တစ်ပြိုင်တည်းထွက်ပေါ်လာခဲ့သည်။ ဗဟန်းမြို့နယ်အတွင်း ရွှေဂုံတိုင်ခုံးကျော်တံတားအနီးရှိ စားသောက်ဆိုင်တစ်ဆိုင်မှ နှစ်ဦးနှစ်ဆန်းချိန် ပထမဦးဆုံးမီး ဖြစ်ခဲ့သည်။ ထို့အတူ တရုတ်နှစ်သစ်ကူးနေ့ကို ကြိုဆိုသော ဖေဖော်ဝါရီ ၈ ရက် နံနက် ၂ နာရီတွင်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မောင်းမကန်လမ်းဘေးရှိ စားသောက်ဆိုင်များ မီးလောင်မှုဖြစ်ခဲ့သည်။ နှစ်သစ်ကူးနှစ်ခု၏ မီးလောင်မှုသတင်းများဖြစ်သည်။

ဇန်နဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မင်္ဂလာဈေးကြီး မီးလောင်မှုမှာ ဆုံးရှုံးမှုပမာဏကြီးမားသကဲ့သို့ ဖေဖော်ဝါရီ ၄ ရက် တစ်ရက်တည်းမှာပင် ရမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး



လပွတ္တာမြို့နယ်မှ မီးလောင်ဆုံးရှုံးမှုတို့မှာလည်း ပြင်းထန်ခဲ့သည်။ တစ်ဖန် ဖေဖော်ဝါရီ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်း ကျွန်းလေးပေါ်ရှိ ကျောက္ကာကျေးရွာ မီးလောင်မှုမှာလည်း ရွာလုံးကျွတ်နီးပါး ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ကြရသည်။

တစ်နိုင်ငံလုံးအတွင်းအတာအရ ယခုနှစ်အစ ဇန်နဝါရီလအတွင်း မီးလောင်မှု ၁၇၈ ကြိမ်ဖြစ်ခဲ့ပြီး ကျပ်သန်းပေါင်း ၃၆၂၇၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် တစ်ရက်မှ ၂၀ ရက်အထိ သုံးပတ်အတွင်း မီးလောင်မှု ၁၆၁ ကြိမ် ဖြစ်ခဲ့ပြီး ကျပ် ၁၄၉၅ သန်းကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လူနေမှုများပြားသော စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးလောင်ကျွမ်းမှုမှာ ဇန်နဝါရီလအတွင်း မင်္ဂလာဈေးကြီး မီးလောင်မှုအပါအဝင် ၂၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုမှာ ကျပ်သန်းပေါင်း ၃၆၀၀၀ ကျော်ရှိခဲ့သည်။ ဖေဖော်ဝါရီလအတွင်း ၁ ရက်မှ ၂၄ ရက်အထိ မီးလောင်မှုအကြိမ် ၂၀ ဖြစ်ခဲ့ပြီး အကြိမ်ရေများသော်လည်း ဆုံးရှုံးမှုပမာဏမှာ ကျပ်ခြောက်သန်းကျော်သာ ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ်သည် မြန်မာနိုင်ငံအနေဖြင့် အယ်နီညိုရာသီဥတုကြောင့် အပြင်းထန်ဆုံးသော အပူဒဏ်ကို ခံစားကြရမည်ဟု မိုးလေဝသပညာရှင်များက သတိပေး ပြောကြားထားပြီးဖြစ်သည်။ အပူဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားရနိုင်သကဲ့သို့ အပူချိန်မြင့်မားမှုကြောင့် နိုင်ငံအတွင်းရှိသစ်တောများနှင့် လူနေအိမ်များ မီးလောင်မှု၊ မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းများ ကြုံတွေ့နိုင်သည်ဟု ဆိုသည်။ ထို့အပြင် သောက်သုံးရေပြတ်လပ်မှုများလည်း ရှိလာနိုင်ပြီး ၎င်းတို့၏ အကျိုးဆက်အဖြစ် စိုက်ပျိုးရေးနှင့် ကျန်းမာရေးဆိုင်ရာ ကဏ္ဍများတွင်ပါ အခက်အခဲများကို ကြုံတွေ့ရဖွယ်ရှိနေသည်ဟု ခန့်မှန်းကြသည်။

လက်ရှိဖြစ်ပေါ်နေသော ကြောက်လန့်ဖွယ်မီးလောင်မှုသတင်းများအပြင် ဖြစ်ပေါ်လာနိုင်ချေရှိသည့် အယ်နီညိုရာသီဥတုကြောင့် မီးလောင်မှုများ ထပ်မံဖြစ်ပေါ်လာမည်ကို ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်မှုများ ရှိနေသည်။

ထို့အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် အရေးကြီးအဆိုများကို ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းခဲ့ကြသည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် မကြာမီ တွေ့ကြုံဖွယ်ရှိသည့် အယ်နီညိုရာသီဥတုနှင့် ပတ်သက်၍ မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါနှင့်တွေ့ဆုံ၍ မေးမြန်းခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "မိုးလေဝသပညာရှင် ဦးထွန်းလွင်နဲ့ အခြားပညာရှင်တွေက ဒီမတ်လနဲ့ ဧပြီလတွေမှာ အယ်နီညိုရဲ့ဒဏ်ကို ပြည်သူတွေ အဆိုးဆုံးခံစားရမယ့်အချိန်ဖြစ်တယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေကို အရင်နှစ်တွေကထက်ကို ယခုနှစ်မှာ ပိုမိုရစိုက် ဆောင်ရွက်နေကြပါတယ်။ ခါတိုင်းလုပ်ဆောင်နေကြတဲ့အတိုင်းအတာထက် အရှိန်အဟုန်မြှင့်ပြီး မီးလောင်မှုတွေဖြစ်စေတတ်တဲ့ စက်ရုံ၊ အလုပ်ရုံ၊ ဈေး၊ အိမ်၊ ဆိုင်တွေ စစ်ဆေးမှုကို ပိုလုပ်နေကြပါပြီ။ အိမ်တိုင်းစေ့ မီးသတ်ဆေးဘူးတွေထားဖို့၊ မောင်းနှင်နေတဲ့ မော်တော်ယာဉ်တွေမှာ မီးသတ်ဆေးဘူးတွေဆောင်ထားဖို့၊ မီးလောင်ရင် ကနဦး ငြိမ်းသတ်နိုင်ဖို့ ဟောပြောပွဲတွေနဲ့အတူ လက်တွေ့ရရဲ့ဝံ့ဝံ့ လုပ်ဆောင်တတ်ကြစေဖို့ကို နေ့စဉ် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ "အိမ်တိုင်းစေ့ မီးသတ်ဆေးဘူးတွေ ထားရှိမယ်ဆိုသေးသေးလေးကစဖြစ်တဲ့ မီးကို သေးသေးလေးအတွင်းမှာပဲ အပြီးငြိမ်းသတ်သွားနိုင်မှာပါ။ မီးဖိုခန်းအတွင်းမှာ စလောင်တဲ့မီးကို မီးသတ်ဆေးဘူးနဲ့ ရဲရဲဝံ့ဝံ့ငြိမ်းသတ်မယ်ဆိုရင် ကြီးကျယ်တဲ့မီးလောင်မှုအဆင့်ကို ရောက်မလာနိုင်ပါဘူး။ အဲဒီ မီးဖိုခန်းအတွင်းမှာပဲ အဆုံးသတ်သွားမှာပါ"ဟု ဆိုသည်။

၎င်းကပင် "အခု လူကြီးတွေရဲ့ လမ်းညွှန်မှုအရ မော်တော်ယာဉ်တိုင်းမှာ မီးသတ်ဆေးဘူးလေးတွေထားရှိဖို့ စစ်ဆေးမှုတွေ ဆက်တိုက်ပြုလုပ်နေပါတယ်။ တစ်နှစ်ခွဲလောက်ရှိပါပြီ။ ခရီးသည်ပို့ဆောင်ရေးယာဉ်တွေမှာ ရာနှုန်းပြည့်နီးပါးရှိကြပေမယ့် ကိုယ်ပိုင်ယာဉ်တွေမှာ အများကြီးလိုအပ်နေပါသေးတယ်။ အကြောင်းဖြစ်လာရင် ဘယ်သူ့ကိုမှ မစောင့်ရပဲ အမြန်ဆုံးငြိမ်းသတ်နိုင်မယ်ကိစ္စပါ။ ကန်းလမ်းပို့ဆောင်ရေးဌာနနဲ့ ညှိနှိုင်းပြီးဆောင်ရွက်သွားဖို့ အစီအစဉ်ရှိပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ၁၂ ခု၊ နယ်မြေမီးသတ်စခန်း ခြောက်ခု၊ အနောက်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ခြောက်ခု၊ နယ်မြေမီးသတ်စခန်း နှစ်ခု၊ အရန်မီးသတ်စခန်းတစ်ခု၊ တောင်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ဆယ်ခု၊ နယ်မြေမီးသတ်စခန်း တစ်ခု၊ အရန်မီးသတ်စခန်း တစ်ခု၊ မြောက်ပိုင်းခရိုင်၌ မြို့နယ်မီးသတ်စခန်း ရှစ်ခု၊ နယ်မြေမီးသတ်စခန်း ငါးခု၊ အရန်မီးသတ်စခန်း သုံးခု ရှိသည်ဟု သိရသည်။ စုစုပေါင်း မြို့နယ်မီးသတ်စခန်းပေါင်း ၃၆ ခု၊ နယ်မြေမီးသတ်စခန်း ၁၄ ခုနှင့် အရန်မီးသတ်စခန်း ငါးခု ရှိကြောင်း ဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မီးငြိမ်းသတ်ရေးယာဉ် ၁၀၄ စီး၊ ရေသယ်ယာဉ် ၄၃ စီး၊ မီးသတ်စက်ယာဉ် ၁၆ စီး၊ အထောက်အကူပြုယာဉ် ၁၈ စီး၊ (အထပ်မြင့်များသို့ ငြိမ်းသတ်ရန် လှေကားပါယာဉ်ကြီး ငါးစီး ပါဝင်သည်။)

ထို့အပြင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် အင်အား ၉၈၈ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၃၀၀၀ တို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ငြိမ်းသတ်ရေးအတွက် ၂၄ နာရီ အချိန်ပြည့် နိုးကြားသော အသိဖြင့် သတိအစဉ်ရှိနေကြသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ နှလုံးသားထဲမှာ "မြန်မြန်သိ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်"ဆိုတဲ့ ဆောင်ပုဒ်က အမြဲတမ်းကိန်းအောင်းနေပါတယ်။ မီးလောင်တာကို မြန်မြန်သိဖို့အတွက် မီးလန့်အချက်ပေးစနစ်တွေ အစဉ်ကောင်းမွန်အောင်ဆောင်ရွက်ထားသလို ဆက်သွယ်ရေးစနစ်ကောင်းပြီး မြန်မြန်သိစေဖို့ တာဝန်ခံ အရန်မီးသတ်တပ်ဖွဲ့ဝင် အရာရှိတွေကို စကားပြောစက်၊ အောက်လိုင်းများကို စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ နောက်မြန်မြန်သွားနိုင်ဖို့အတွက် "လူအသင့်၊ စက်အသင့်၊ ဆီအသင့်၊ ရေအသင့်"ဆိုတဲ့ "သင့်လေးသင့်" နဲ့ ဆောင်ရွက်သွားတာဖြစ်ပါတယ်"ဟု ဆိုသည်။

ဆက်လက်၍ "လူအသင့်ဆိုတာက မီးသတ်တပ်ဖွဲ့ဝင်တွေ အကြောင်းဂေဟ်ရှိလို့ အပြင်ထွက်ခွာရင် အချိန်အကန့်အသတ်မှတ်တမ်းနဲ့ တင်ပြမှ ထွက်ခွာခွင့်ပြုတာဖြစ်တဲ့အတွက် အရေးအကြောင်းဖြစ်လာရင် မီးသတ်တပ်ဖွဲ့ဝင်တွေ အချိန်ပြည့်အသင့် ရှိနေပါတယ်။ စက်အသင့်ဆိုတာက မီးသတ်ယာဉ်တွေ အားလုံးကို နေ့စဉ် စက်နှိုးမှုနဲ့အတူ လိုအပ်ချက်တွေ စစ်ဆေးပါတယ်။ တိုင်းဒေသကြီးအစိုးရရဲ့ ခွင့်ပြုချက်ရန်ပုံငွေနဲ့ လိုအပ်မှုတွေကို ပြင်ဆင်ပြီး ထိန်းသိမ်းမှုတွေမှာ အသုံးပြုတဲ့ စက်သုံးဆီတွေကို ကြိုတင်စီစဉ်ထားပေးပါတယ်။ စခန်းကြီးဆို ဆီ ၁၅၀ ဂါလန်နဲ့ စခန်းသေးတွေဆို ဆီဂါလန် ၁၀၀ အသုံးပြုခွင့်ပေးထားပါတယ်။ ရေအသင့်ဆိုတာကတော့ မီးငြိမ်းသတ်ရေးအတွက် မီးငြိမ်းသတ်ရေးယာဉ်နဲ့ ရေသယ်ယာဉ်တွေမှာ သူ့ဂါလန်အလိုက် ရေအမြဲအသင့်ရှိနေပါတယ်"ဟု ရှင်းပြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် မီးသတ်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်တို့၏ လမ်းညွှန်မှုအရ မီးသတ်စခန်းအသစ် ဆောက်သည့်စခန်းတိုင်း၌ ရေဂါလန် ၂၀၀၀၀ ဆံ့ရေသိုလှောင်ကန်များပါ ပူးတွဲတည်ဆောက်လျက်ရှိသည်။ ထန်းတပင်မြို့နယ်၊ ဒဂုံ(အရှေ့)မြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကျောက်တန်းမြို့နယ်အတွင်းရှိ တံတားမြို့နယ်ခွဲ မီးသတ်စခန်းနှင့် အမြန်လမ်းနယ်မြေမီးသတ်စခန်းတို့တွင် တည်ဆောက်ပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူး ဦးသော်ဒါက "နောက်ဆုံးအနေနဲ့ ပြည်သူအများကို အသိပေးနှိုးဆော်ချင်တာကတော့ ဒီနှစ်မှာ အဓိကရေကို ချွေတာသုံးကြပါ။ ဖြစ်နိုင်ရင် ရပ်ကွက်တိုင်းမှာ မီးငြိမ်းသတ်နိုင်ရေးအတွက် ရေလှောင်ကန်များ စုပေါင်းတည်ဆောက်ထားကြပါ။ မြေအောက်မီးသတ်ရေငုတ်တိုက်တွေကို ထိန်းသိမ်းစောင့်ရှောက်ပေးကြပါ။ အိမ်တိုင်းစေ့၊ ယာဉ်တိုင်းစေ့ မီးသတ်ဆေးဘူးများကို အသင့်ဆောင်ထားကြပါ။ မီးလောင်မှုဖြစ်လာရင် ဖုန်းနံပါတ် ၁၉၁ နဲ့ နီးစပ်ရာ မီးသတ်စခန်းတွေကို အမြန်ဆုံးအကြောင်းကြား အသိပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်"ဟု ဆိုခဲ့သည်။

## ယာဉ်တိုက်မှုကင်းရှင်းရေးအတွက် ပညာပေးသရုပ်ပြ

**မြိတ် မတ် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ် (၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စမှူးရုံးမကြီးမှူး၍ ယာဉ်အန္တရာယ်ကင်းစင်ရေး ပြည်သူအားလုံးပါဝင်ပေး ခေါင်းစဉ်ဖြင့် ယာဉ်တိုက်မှု အန္တရာယ်ကင်းရှင်းရေး ပညာပေးသရုပ်ပြပွဲကို မြိတ်မြို့ ကန်ကြီးနယ်မြေ မြိတ်ကန်တိုက်အရှေ့ ကမ်းနားလမ်း၌ မတ် ၂ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲတွင် အမှတ်(၇၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စမှူးရုံး(မြိတ်)မှ တပ်ဖွဲ့စမှူး ဒုတိယရဲမှူးနေဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူးဝင်းဇော်ဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ၊ လမ်းစပရဟိတအသင်း တာဝန်ခံ ဦးအောင်ချစ်စိုးနှင့် အသင်းသားများ၊ ချမ်းမြေ့နာရေးကူညီမှုအသင်းမှ ဦးကိုင်ဇာနှင့် အသင်းသား အသင်းသူများက ယာဉ်တိုက်မှုဖြစ်စဉ်များအတိုင်း ပုံစံတူပြုလုပ်၍ သရုပ်ပြခဲ့ပြီး လမ်းသွား၊ လမ်းလာပြည်သူများနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်းအင်အား ၁၅၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သရုပ်ပြပွဲအပြီးတွင် ပရဟိတ အသင်းဝင်များက ယာဉ်တိုက်မှု မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ပုဒ်များရေးသားထားသည့် ဗီနိုင်းပိုစတာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အမှတ်အသား၊ သင်္ကေတများပါဝင်သည့် ဗီနိုင်းပိုစတာများ ကိုင်ဆောင်ပြီး "ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုးတပ်ပါ၊ လမ်းပြောင်းပြန်မမောင်းရ၊ ယာဉ်တိုက်မှုဖြစ်ပွားနိုင်သည့် တစ်လမ်းမောင်း သတိပြုပါ၊ သင့်အိမ်ပြန်ချိန်ကို သင့်မိသားစုမှ စောင့်မျှော်နေပါတယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် သင့်၏အသက်ကို ကာကွယ်ပါ၊ သတိလက်လွှတ်မောင်းနှင်ခြင်းမှ ရှောင်ကြဉ်ပါ၊ ယာဉ်တိုက်မှုများ လျော့ချဖို့ ပြည်သူအားလုံးပါဝင်စို့၊ အသက်အန္တရာယ်ကာကွယ်ဖို့ ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့၊ ကိုယ်မြို့ကိုယ်ရွာသာယာဖို့ ကိုယ်စီတာဝန်ယူကြစို့" စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပေးဆောင်ပုဒ်များကို သံပြိုင်ရွတ်ဆို၍ လှည့်လည်ခဲ့ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**



**ဂန္ထဝင်အဘိုး တန်ထင်းအရုပ်ရှိသည်**

ဂျပန်စကားပြန် ကျား ( ၂ ) ဦး အမြန်အလိုရှိသည်။

Ph - 09-2639-44077
09-4202-74496

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်6H/5027၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

## (၂၂)နှစ်ပြည့်မင်္ဂလာဆုမွန်

ချစ်မေမေ ဦးအောင်ဌေးဝင်း(ဒု-ညွှန်ချုပ်၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန)နှင့် ချစ်မေမေ ဒေါ်ခင်လေးတို့၏ (၅. ၃. ၂၀၁၆)နေ့တွင်ကျရောက်သောမင်္ဂလာနှစ်ပတ်လည်နေ့မှ သည်ရွှေရတု၊စိန်ရတုတိုင်အောင်သာယာချမ်းမြေ့သောမိသားစုဘဝကိုသက်ဆုံးတိုင် ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တစ်ဦးတည်းသောချစ်သမီး
မဆုလာဘ်မွန်
4 IS
ရတနာပုံ ဆိုက်ဘာစီးတီး
နည်းပညာတက္ကသိုလ်၊ ပြင်ဦးလွင်

## ဝင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို ၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ လပြည့်ကျော် ၁ ရက်အထိ (၂၀၁၆ခုနှစ် မတ် ၁၉ရက်မှ မတ် ၂၄ရက်အထိ) ဘုရားတပေါင်းပွဲကျင်းတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၄ရက် (၂၀၁၆ခုနှစ် မတ် ၂၂ရက်) ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန် ဆက်သွယ်လိုပါက ဓနုဒေသဦးစီးအဖွဲ့ ဖုန်း-၀၈၁-၆၆၁၆၀၊ ၀၉-၂၅၀၁၃၂၄၃၂၊ ၀၉-၇၉၉၀၉၁၂၁၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင်ဘုရားတပေါင်းပွဲတော် ကျင်းပရေးဦးစီးကော်မတီ၊ ပင်းတယမြို့




**သာသနာ့အစစ္စခံတူဖို့**

**မြတ်စေတနာ သက်န်းပရိက္ခရာ ဝယ်ယူလှူဒါန်းကြပါစို့**

**ပင်ရင်း-လောကနန္ဒာ လမ်းဆုံအနီး၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၆၀၇၄၄၆၈**

ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း

## ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆ နှင့်ဆက်သွယ်သည်
၂၀၁၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

| | | |
|---|---|---|
| ၁။ မငြိမ်းသူသူစံ | နှင့် | ၁။ ဦးပေါအိ |
| ၂။ မောင်ထက်မြက်အောင် | | ၂။ ဒေါ်စန်းရီ(ခ)ဒေါ်ခင်စန်းရီ |
| (အရွယ်မရောက်သေးသူ တရားလိုများ | | ၃။ ဒေါ်ချောဆင့်ဆင့်ငြိမ်း |
| အတွက် အုပ်ထိန်းသူဖခင် ဦးမြင့်ထွေး) | | ၄။ ဒေါ်ရည်ရွှယ်မျိုးမြင့်(ခ) ရည်ရွှယ်မျိုးမြတ် |
| | | ၅။ ဒေါ်နှင်းအိကျော် |
| | | ၆။ ဦးချမ်းငြိမ်း |
| ဒီကရီအနိုင်ရသူ | | တရားရှင်များ |

ပျဉ်းမနားမြို့၊ မစိုးရိမ်ရပ်၊ ဗိုလ်သန်းတင်လမ်းနေ ဦးပေါအိ၊ ဒေါ်စန်းရီ(ခ)ဒေါ်ခင်စန်းရီ၊ ပျဉ်းမနားမြို့၊ ရွှေချိုရပ်ကွက်၊ ပဲလှော်လမ်းနေ ဒေါ်ချောဆင့်ဆင့်ငြိမ်း၊ ဒေါ်ရည်ရွှယ်မျိုးမြင့်(ခ) ဒေါ်ရည်ရွှယ်မျိုးမြတ်၊ ဒေါ်နှင်းအိကျော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မင်္ဂလာ(၂)လမ်း၊ အမှတ် ၈/၅၇နေ ဦးချမ်းငြိမ်းတို့သိစေရမည်။

၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆တွင် ကျရှိသည် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ခုနှစ် မတ် ၂၁ရက် (၁၃၇၇ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြဌေးကျော်)
ခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဇဟာန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ အက်ဖ်၊ မြေကွက်အမှတ် ၆၉/၅၄ဘီ-၂၊ မြေကွက်တည်နေရာအမှတ် ၆၅၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဇဟာန်းမြို့နယ် ဒေါ်နန်းဦးခိုင် ၁၂/မရက(နိုင်)၀၀၄၉၆၃ အမည်ပေါက် မြေပိုင်မြေအား ဒေါ်နန်းဦးခိုင ၁၂/မရက(နိုင်)၀၀၄၉၆၃မှ အမည်ပေါက် စာချုပ်မူရင်းတင်ပြနိုင်ခြင်းမရှိဘဲ အရောင်းစာချုပ်အမှတ် ၁၁၂၂/၂၀၀၅နှင့် အမှားပြင်စာချုပ်အမှတ်၆၄၈၉/၂၀၁၁တို့၏ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးလက်ခံအမှန်တို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၄၀ယ/၁၉၄၉၁ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်လွင် ၉/မကန(နိုင်)၀၀၈၅၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည့်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၂၃၆၉ Honda 90 Custom, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှဝင်း ၉/မနမ(နိုင်) ၀၃၀၆၃၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၅၃၀၅၃ Honda Wave Alpha 100 ယာဉ်လက်ဝယ်ရှိသူ Thiri Tay Za Min Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၄၅၃၅၆ Yama Star 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၉/ပတန(နိုင်)၀၉၃၉၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ခရိုင်ရုံး (မိတ္ထီလာမြို့)

## ကြော်ငြာစာ

[illegible] **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရောင်းရန်ရှိသည်**

မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ၊ VIP (၂၂)ရပ်ကွက်တွင် မြေကွက်ရောင်းရန်ရှိသည်။ ဆက်သွယ်ရန်- ၀၉ ၄၂၅၃၀၁၆၀၃ ၀၉ ၇၈၅၄၃၃၇၈၅

**ရောင်းရန်ရှိသည်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ၈၀ (၄၀'x ၆၀')ဂရန်မြေကွက် ရောင်းရန် ရှိသည်။ ဆက်သွယ်ရန်- ၀၉ ၂၅၆၂၅၂၇၇၅

**ဒဂုံမြို့သစ်**

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈

ဖုန်း-၀၉-၅၀၈၄၁၂၉

## " စတော့ရှယ်ယာတွင် ဝယ်ယူရင်းနှီးမြှုပ်နှံနည်း "

(How to invest in Stock Shares)

" ရန်ကုန်စတော့အိတ်ချိန်း" တွင် မှတ်ပုံတင်၍ အစုရှယ်ယာ ထုတ်ရောင်းချခွင့်ရရှိသည့် ကုမ္ပဏီများ၏စတော့ရှယ်ယာများကို ဝယ်ယူရင်းနှီးမြှုပ်နှံမှုနည်းလမ်းများကို အောက်ပါအစီအစဉ်အတိုင်း ဆွေးနွေးဟောပြောမည် ဖြစ်ပါသည်။

ဆွေးနွေးမည့်ပုဂ္ဂိုလ် - ဒေါက်တာ မောင်မောင်သိမ်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ)
ကျင်းပမည့်နေ့ရက် - ၁၃.၃.၂၀၁၆ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့လယ် ၁၁း၀၀ နာရီမှ ၃း၀၀ နာရီအထိ
ကျင်းပမည့်နေရာ - Hotel Marvel (Grand Amarapura Ballroom )
(၇၀) လမ်းနှင့် (၃၀) လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး

သို့ဖြစ်ပါ၍ စီးပွားရေးလုပ်ငန်းရှင်၊ ကုမ္ပဏီကြီးများ၊ စိတ်ပါဝင်စားသူများအားလုံး မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

Diamond Sponsored :

CB SECURITIES

KTzRH

AYAtrust Securities Company

Organized by :

Worldlink EXPRESS SHIPPING

W.E.S Group
09 30067636




## လက်ထပ်ပြီးစီးကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ မကျွေးတိုင်း၊ ဓနုဖြူမြို့နေ (အဘ) ဦးမောင်မောင်ထွန်း၏ သား **မောင်ဇေမျိုးဦး** (၈/နမန (နိုင်) ၀၀၀၀၀၂) နှင့် မကွေးတိုင်း၊ မင်းဘူးမြို့နယ်၊ ကုန်းသာရွာနေ (အဘ)ဦးရဲနိုင် ၏သမီး **မနွေးနွေးအောင်** (၈/မဘန (နိုင်) ၁၀၀၃၂၁) တို့သည် နှစ်ဖက်သော မိဘတို့၏ သဘောတူညီချက်အရ မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာ ရန်ကုန်မြို့၊ ရန်ကုန်တိုင်း ဒေသကြီး တရားလွှတ်တော် လက်အောက် ညွှန်ကြားရေးမှူး ရှေ့မှောက်တွင် (၂၅-၂-၂၀၁၆) နေ့၌ လက်ထပ် ပြီးစီးကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မေခိုင်နှန် (LL.B) အထက်တန်းရှေ့နေ ၊ စဉ်-၃၅၂၇၅

ဦးလှမြင့် (မင်းဘူး) (B.A,LL.B) တရားလွှတ်တော်ရှေ့နေ ၊ စဉ်-၁၃၁၅

အမှတ် ၅၇/၅၉၊ ၅၈-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9C/8069 Mitsubishi Pajero V75 ,S/W(4x4) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ထူးအောင် ၉/ပမန(နိုင်)၀၁၄၇၇၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ချမ်းသာဂုဏ်ရောင်တာဝါ(A)နှင့် (B)မှ အခန်းပေါင်း ၇၃ ခန်းကို ချမ်းသာရွှေမြေကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးနိုင် ၁၂/လမတ(နိုင်) ၀၀၁၀၂၄ က တိုက်ခန်းပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကနတောလေးအိမ်ရာ၊ တိုက်အမှတ်(B)၊ အခန်းအမှတ် ၅၀၂ ကို မူလအမည်ပေါက် ဒေါ်တင်တင်ဝင်းက ကူးဖြစ်သူ ဒေါ်ဥမ္မာတင် ၁၂/ကမတ(နိုင်) ၀၄၁၉၆၈သို့ မေတ္တာဖြင့်အပိုင်းပေးကမ်းခြင်းစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာများဖြင့် တိုက်ခန်းပိုင်ဆိုင်မှုအမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

အဖ ဦးမျိုးအောင် (၁၂/ဒခန(နိုင်)၀၂၅၃၆၅)၏သားဖြစ်သူ မောင်ရဲထက်အောင် (၁၂/လမတ(နိုင်)၁၃၃၇၅၃)အားသားအဖြစ်မှစွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ နှုတ်မေးမြန်းခြင်းမပြုရန် ကြေညာအပ်ပါသည်။

ဖခင်-ဦးမျိုးအောင်

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ် က-၆၊ ဦးပိုင်အမှတ် ၁၃၊ လမ်း ၇၀×၇၁ လမ်းကြား၊ စိန်ပန်းလမ်းနှင့် မန္တလေးပြင်ဦးလွင် ရထားသံလမ်းကြားရှိ ဦးသာမောင် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်သန်းသန်းဌေး ၅/ရဥန(နိုင်)၀၀၀၈၆၇မှ ဦးပိုင် ၁၃ (ခဲစင်း)တောင်ဘက်ခြမ်းအား မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ် ဇ-၃၊ ၆၀×၆၁၊ အောင်မင်္ဂလာ×စိန်ပန်းရှိ ဦးပိုင်အမှတ် ၇၂ သည် ဦးမောင်မောင်အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ် ၇၅ သည် ဦးဝင်းတင်အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ် ၇၀(ခဲစင်း)သည် ဒေါ်လှဆင့်အမည်ဖြင့်လည်းကောင်း၊ ဦးပိုင်အမှတ် ၇၁ သည် ဦးလှမြင့်အမည်တို့ဖြင့်ချထားပေးသော မြေကွက်တို့အား ဦးကိုကိုကြီး ၉/မရမ(နိုင်) ၀၂၇၂၆၅ မှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊တရားရုံးကျမ်းကျိန်ချက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ဂရန်သစ်၊ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး**

သတင်း၊ စာ-၃

**ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာများဆွေးနွေး**

သတင်း၊ စာ-၅

# ရန်ကုန်မြို့၌ ရေလုံလောက်စွာရရှိရေး ရေပိုက်လိုင်းများလဲလှယ်၊ ပိုက်လိုင်းပေါင်းဆက်သွယ်မှုများ ဆောလျင်စွာပြီးစီးရန်ဆောင်ရွက်



သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)

**ရန်ကုန် မတ် ၄**

ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာရရှိရေးအတွက် ရေယိုစိမ့်မှု များပြားသည် ဟောင်းနွမ်းသက်တမ်းရင့် ရေပိုက်လိုင်းများ အသစ်လဲလှယ်ခြင်းနှင့် ရေပေးဝေရန် ပိုက်လိုင်းပေါင်းဆက်သွယ်ခြင်းလုပ်ငန်းကို သတ်မှတ်ကာလထက် ဆောလျင်စွာပြီးစီးရန် ဆောင်ရွက်နေကြောင်း အဆိုပါလုပ်ငန်းများကို ဆောင်ရွက်နေသည် TODA ကော်ပိုရေးရှင်းမှ သိရသည်။ **(ဝဲပုံ)**

"ပထမအဆင့်အနေနဲ့ ပိုက်အသစ်လဲမယ့်နေရာတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ညှိနှိုင်းတိုင်ပင်ပြီး ရေဖြတ်တောက်မှုတွေလုပ်ရတယ်။ ရေဖြတ်တောက်ပြီးတဲ့အခါမှာ ပိုက်ဟောင်းတွေကိုဖြတ်ပြီး ပိုက်အသစ်လဲလှယ်တပ်ဆင်ရပါတယ်။ နောက်တစ်ဆင့်အနေနဲ့ ပိုက်ပေါင်းစပ်မှုတွေအပြင် ခိုင်ခံ့မှုရှိအောင် ကွန်ကရစ်နဲ့ ပြန်လည်မွမ်းမံနေပါတယ်။ သတ်မှတ်ထားတဲ့ကာလထက် စောစောပြီးနိုင်ဖို့ စက်ပစ္စည်းတွေအပြင် လူအင်အားများများသုံးပြီး နေ့၊ ည ဆောင်ရွက်နေပါတယ်"ဟု TODA ကော်ပိုရေးရှင်း ပရောဂျက်မန်နေဂျာ FUJIHITO HAKOZAKI က ယနေ့ညနေတွင် မြန်မာ့သတင်းစဉ်သို့ ပြောသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့နေပြည်သူများ ရေလုံလောက်စွာ ရရှိရေးအတွက် ကမ္ဘာအေးလမ်းတစ်လျှောက်ရှိ ရေယိုစိမ့်မှုများပြားသည် ဟောင်းနွမ်းသက်တမ်းရင့် ရေပိုက်လိုင်းများကို အသစ်လဲလှယ်ရန် ဂျပန်နိုင်ငံအစိုးရ၏ အကူအညီအထောက်အပံ့ဖြင့်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❒

## ဟံသာဝတီအသင်းခြေစွမ်းပြပြီး နိုင်ပွဲဆက်

သတင်း-ညီမြတ်သော်တာ

**ရန်ကုန် မတ် ၄**

၂၀၁၆ ရာသီ MNLအမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၉) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီ၊ ချင်းယူနိုက်တက်နှင့် ရှမ်းယူနိုက်တက်အသင်းတို့ နိုင်ပွဲများရရှိခဲ့သည်။

အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းက ဇွဲကပင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုရာသီတွင် ခြေစွမ်းပြနေသည် ဟံသာဝတီအသင်းမှာ အနီးကပ်ဆုံးပြိုင်ဘက် ဇွဲကပင်အသင်းကို အနိုင်ယူနိုင်ခဲ့သောကြောင့် ရတနာပုံအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာ ယနေ့ကစားမည့် မကွေးအသင်းကို အနိမ့်ဆုံးသရေကစားနိုင်မှသာ ထိပ်ဆုံးနေရာကို ပြန်လည် ရယူနိုင်မည်ဖြစ်သည်။ ဇွဲကပင်အသင်းမှာ နှစ်ပွဲဆက်ရှုံးနိမ့်ပြီး အဆင့် လေးနေရာအထိ ဆင်းပေးခဲ့ရသည်။

*စာမျက်နှာ ၁၄ ကော်လံ ၂* ✪

## ရွှေမြန်မာလေကြောင်းလိုင်းလေယာဉ် ပြေးလမ်းအတက် ဘီးပေါက်၍ မတော်တဆမှုဖြစ်

**ရန်ကုန် မတ် ၄**

မြန်မာနိုင်ငံသားပိုင် ပြည်တွင်းလေကြောင်းလိုင်း တစ်ခုဖြစ်သည် ရွှေမြန်မာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် ယနေ့ နံနက် ၆ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ် မတော်တဆမှုဖြစ်ပွားခဲ့ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ သိရသည်။ **(ယာပုံ)**

မတော်တဆမှုဖြစ်ပွားခဲ့သော ရွှေမြန်မာလေကြောင်းလိုင်းမှ လေယာဉ်အမှတ် XY- AJS ခရီးစဉ် Y5- 101 သည် ရန်ကုန်မြို့မှ ညောင်ဦးမြို့သို့ အသွား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာစဉ် လေယာဉ်ညာဘက်အင်ဂျင် အပူချိန်မြင့်တက်လာသဖြင့် ဆက်လက်ထွက်ခွာမှုမပြုတော့ဘဲ

*စာမျက်နှာ ၁၁ ကော်လံ ၃* ●

သတင်း-မင်းခေတ်
ဓာတ်ပုံ-ကျော်စွာမင်း



## ဟသ်ာတနှင့် ဇလွန်မြို့တို့တွင် လက်ရှိရေမှတ်များထက်မြင့်တက်နိုင်

**နေပြည်တော် မတ် ၄**

မတ် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၈ ရက်မှ ၁၁ ရက်အတွင်း ခနစ်ပေမှ ၁၁ ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၂ ရက်မှ ၅ ရက်အတွင်း နှစ်ပေမှ လေးပေခွဲခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် တစ်ရက်မှ နှစ်ရက်အတွင်း ပေဝက်မှ တစ်ပေခွဲခန့် ကျဆင်းခဲ့ပြီးဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ▲




www.facebook.com/MYANMAALINNEWS
mmalin.npt @ gmail.com
မြန်မာ့အလင်း